THE ARAKAN INTERNATIONAL



# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစိုဉ်



အမှတ် (၁၅)

အေပရယ်လ

၂၀၁၂ ခုနှစ်။

# ‘တန်းတူရေး မှ တန်းမြှင့်ရေးသို့’






အကျွန်က သတိထားရသည်။ သို့မဟုတ်လျှင် အကျွန်နှံ့သမီးချေက “ဒေချင့်တရားမျှတမှု မဟုတ်၊ ဒေချင့်မတရား” (It's not fair!) ဟုဆိုကာ အိမ်တွင်းဆန္ဒပြမှုမျိုးနှင့် အကျွန် ရင်ဆိုင်ရတတ်ပါသည် . . . စာ ၆



မိဖ အများစုကတော့ ကေ သား၊သမီးတိကို ရွှန်းရွှန်းစားစား၊ သောသောရူရူ၊ လားဝုံ၊ လာဝုံ၊ လုပ်ဝုံ၊ ကိုင်ဝုံ၊ ပြောဝုံ၊ ဆိုဝုံ ဖြစ်ပနာ လူပြုံ၊ သူပြုံသို့ ထွက် ကတ်စွာ ကို လိုချင်ကတ်စွာများပါရေ. . . . စာ ၄



ကာလအတန်ကြာရေခါ ဘာသာစကားကို အခြီခံ ပနာစာပီဆိုစွာကိုလည်း တဆင့်တီထွင် နှိုင်ခကတ်တေ။ ယင်းတီထွင်မှုကြီးနှစ်ခုက လူသားတိကို စကြာဝဠာ၏ အသျှင်သခင်အဖြစ်သို့ ပို့ပီးလိုက်စွာဖြစ်တေ . . . စာ ၁၀




ကိုင်မိကိုင်ရာ စာအုပ်ချေတိကိုလှေ့ကြမ်းမှာထိုင်ဗနာ ဖတ်ခသိမ့်ရေ။စာအုပ်တအုပ်ကိုမြည်းရေအခါ ထိုင်ခုံမှာထိုင်မြည်းစော်ထက် ပျို့ဉ်ထက်မှာထိုင်ဗနာ အားရဗရမြည်းရ စော်ကို ခင်ဇော်ခိုင်အကြို့က်ဆုံး . . . စာ ၁၃

## “တန်း တူ ရေး”

သမိုင်းအမွီအနှစ်များ၊ ရာစုနှစ်၊ ထောင်စုနှစ်များ၊ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ခေတ်နှင့်စံနှစ်များ၊ ယန္တရား ကြီး/ငယ်များ၊ လူသားမျိုးနွယ်စုဝင်ရို့၏ ကြီးကျယ်မြင့်မြတ်မှုများ၊ ယုတ်ညံ့သိမ်ဖျင်းမှုများ၊ တရားမှုများ၊ မတရားမှုများ၊ အသက်၊ ချွေးနှင့် သွီးများ အားလုံး ရောပြွမ်းပါဝင် စိုချွဲ နိန်သည့် ခြောက်သွို့သော ဝေါဟာရ တခုဖြစ်ပါသည်။

စာမျက်နှာ (၆) သို့

# အေဒီတာ့စကား

ကျွန်းတွင်ဇမ္ဗူ
လူတွင်ရခိုင်
ကြိုင်ဘိသတင်း
ကင်းဘိအပြစ်
ချစ်သည့်အမျိုး
ကြိုးသည့်လုံ့လ
မြတ်စာဂ နှင့်
နှစ်ဝနတ်လူ
ချစ်ကြည်ဖြူသည်
နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။
(သျှင်မဟာသီလဝံသ)

**ဒီမိုခရေစီရေ**
**‘အခြေအနေတိ**
**အားလုံး**
**တန်းတူညီမှု’ ကို**
**အာမ ခံ**
**မပီးနိုင်ပါ။**
**‘အခွင့်အလမ်း**
**တိအားလုံး**
**တန်းတူညီမှု’**
**ကိုရာ ဒီမိုခရေစီ**
**က အာမ ခံ**
**ပီးပါရေ။**

*အားဖိန်ခရီစတိုလ်*

ရှိုးရာသကြ်န်ကျပါဖို့ယာ။

အကျွန်ရို့အချေခါဆိုကေ သကြ်န်စာဖတ်ရစွာ ရေတနှစ်အတွင်းကြီးကြီးမားမား ဖြစ်ပျက်လာဖို့ အရာ တိကိုကြိုတင်ဟောကိန်းထုတ်ထားရေ ဧရာမ သတင်း စာတစောင်ကိုဖတ်ရရေပိုင်ပါ။ ‘ဘာနုမရာဇာမည်သော တနင်္ဂနွေပြုဟ်မင်းသည် လက်တဖက်ကား---၊ လက်တ ဖက်ကား---ကိုကိုင်၍ ---ဒေါင့်မှသည် ---အရပ်သို့ ဝင်၏၊ ထိုကြောင့် ---’ဆိုဆိုပနာ – သကြ်န်စာဖတ်ဖြစ် တေကာလတိုချေရေ စိတ်လှုပ်သျှားမှုတိ၊ ရယ်စရာ၊ သတိထားစရာတိ၊ တွက်ချက်ကြည့်စရာချေတိနန့် ပြည့် နိန်တတ်ပါရေ။ တယောက်ယောက်ဖတ်ကေ ကျန်ရေလူ အများကြီးဝိုင်းပနာ နားထောင်နိန်တတ်ကတ်စွာပါ။

အေဂုဆိုကေ ကိုယ့်ဘားကလူတိ သကြ်န်စာ နိန်ရာမှာ ဘန်ကောက်ပို့စ်ရို့၊ စီအန်အန်ရို့၊ ဘီဘီစီရို့ကို အိန်တာနက်မှာဖတ်ပနာမေသေ ကြိုတင်ဟောကိန်း ထုတ်နိန်လီကတ်ယာလား။ ပြောသံတကြားနန့်ကား ယင်းချင့်လည်းမဖြစ်နိုင်လို့ထင်ပါရေ။ တခြားမှာဘဇောင် ပိုင်သျှောင်ပင်တိုးတက်နိန်လီပါတ်စီ၊ ရခိုင်ပြည်မှာတော့ ကေ အထူးသဖြင့်အကျွန်ရို့ပိုင်ရွာကလူတိ သကြ်န်စာ ဖတ်နိန်ကတ်တုန်းရာဟိလီပါဖို့။ နည်းပညာအခက်အခဲ၊ ပစ္စည်းပစ္စယအခက်အခဲ၊ ဖေသာအခက်အခဲ၊ လမ်းပမ်း ဆက်သွယ်ရေးအခက်အခဲ၊ လျှပ်စစ်ဓါတ်အားအခက် အခဲ၊ ဘာသာစကားအခက်အခဲ အစဟိရေအခက်အခဲ တိပေါင်းစုံနန့် လူဖြစ်နိန်ကတ်ရရေခါ လက်ဟိကမ္ဘာ့ရီစီး ကြောင်းထဲမှာဝင်ရောက်မျောပါဖို့၊ နိန်ရာယူနိုင်ဖို့ကိစ္စ မျိုးကို အိမ်မက်တောင် မက်လို့ရကတ်လီဖို့မဟုတ်ပါသိ။

ပြီးခရေနှစ်ပိုင်းတိအတွင်းက ကွန်ပျူတာ တက္ကသိုလ်ပါမောက္ခချုပ်၊ ဒေါက်တာကျော်သိန်းနန့် အဆက်အသွယ်ရဖြစ်ပနာ အိန်တာဗျူးတခုလုပ်တေခါ သူ ပြောလားရေအထဲမှာ ဇာအချက်တခုပါရေလဲဆိုကေ ‘ရန်ကုန်’ နန့် ‘ရခိုင်ပြည်’ ကြားမှာကကောင်းကွာ လားဗျာယ်’ လို့ဆိုပါရေ။ အကျွန့်မိန်းခွန်းတခုက – အ ဖက်ဖက်က အောက်လည်းကျ၊ နောက်လည်းကျ၊ ကျ ကျန်ခရေ ရခိုင်ပြည်တိုးတက်ဖွံ့ဖြိုးဖို့အတွက် အခြိခံ ကျကျပြောင်းလဲပစ်ရဖို့စွာတိရေဇာတိလို့အခင်ကြီးထင် ပါလဲ –ဆိုရေသျှောင်မျိုးဖြစ်ပါရေ။ ရခိုင်ပြည်ပိုင်ဒေသ တခုဖွံ့ဖြိုးတိုးတက်ဖို့အတွက် ‘လမ်းပမ်းဆက်သွယ် ရေး’ (Transportation) ၊ လူမှုအဆက်အသွယ် (Communication) နန့် စွမ်းအင် (Energy) တိရေ မဟိ မဖြစ်လိုအပ်တေ အခြိခံလိုအပ်ချက် ၃ ခု ဖြစ်ကြောင်း သူကပြောလားခပါရေ။

ဆိုလိုစွာက အကျွန်ရို့ဘားမှာ “ယင်းချင့်တိ တခုလည်းမဟိသိ” ဆိုရေ သဖေါပါ။ ဆိုရေ ခါ ယင်းချင့်တိအားလုံးဟိနိန်ပြီးသားဖြစ်တေ ဗမာပြည် ထဲက လူသားတယောက်နန့် ရခိုင်ပြည်ထဲက လူသား တယောက်ရို့၏ဖြစ်တန်စွမ်းတိရေ နိုင်ငံတခုတည်းထဲမှာ နိန် နိန် ကတ်တေလို့ဆိုသည့်တိုင် ညှိယူလို့မရလောက် အောင်ကွာချင်တိုင်းကွာဟ လားကတ်ပါဗျာယ်။

သို့သော် ယင်းချင့်က လူနိန်မှုစတိုင်သဖေါ ကွာဟချက်ဖြစ်ပါရေ။ ဥပဒေကြောင်းအရသော်လည်း ကောင်း၊ တရားဝင်ဖြစ်တည်မှုပုံသဏ္ဍာန်အရသော် လည်းကောင်း၊ စနစ်တကျနန့် လျှို့ဝှက်စွာ ခွဲခြားထား ရေ ‘စံ’ တန်ဖိုးတိအရသော်လည်းကောင်း ဗမာပြည်ထဲ က လူသားတယောက်နန့် ရခိုင်ပြည်ထဲကလူသားတ ယောက်ရို့ကြားမှာ ထပ်လို့တခုလည်းမဆိုင်အောင် ကွာဟ လားကတ်ပြန်ပါရေ။ ယင်းအကြောင်းကို အခြိခံ ရှီးထားရေမျက်နှာဖုံးဆောင်းပါးကို ဖေါ်ပြလိုက်ပါယင့်။ တခြားစာရှီးကောင်းရေ ရခိုင်စာရှီး ဆရာ/ဆရာမတိ ပါဝင်ရှီးသားလာကတ်စွာကို အားလုံးကိုယ်စား အထူး ကျေးဇူးတင်ဟိလှပါရေ။

ရခိုင်ရိုးရာနှစ်သစ်မှာအားလုံးစိတ္တသုခ၊ ကာယသုခနန့်ပြည့်စုံကတ်ပါစီကြောင်းနန့် အကျွန်ရို့ အားလုံး၏စုပေါင်းညီညာအားနန့်အဖရခိုင်ပြည်၏ လွတ် လပ်ရေး၊ တိုးတက်ရေး၊ ငြိမ်းချမ်းရေး ရို့ကို ဖေါ်ဆောင် လားနိုင်ကတ်ပါစီကြောင်း ဆုတောင်းလိုက်ရပါရေ။

ခင်မင်မှုဖြင့်

ဦးသိန်းမောင်



**ရက္ခိုင်ပြည်၏ အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။**

# ကေစာသမားများနှင့်ဘွင်းဘွင်းပျော်ပျော်များ(၃)




မောင်သာပေါ် (ရမ်းဗြဲ)

**အေဆောင်းပါးအပိုင်း(၁)တွင် 'ကေစာသမား' နှင့် 'ဘွင်းဘွင်းပျော်ပျော်သမား' များ၏ ယျေဘူယျအဓိပ္ပါယ်ဖွင့်ဆိုချက် သဖေါတရားများကိုလည်းကောင်း၊ ဆောင်းပါးအပိုင်း(၂)တွင် တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ ပုဂ္ဂိုလ်များအနိန်ဖြင့် ထိုနှစ်မျိုးလုံးထဲ၌ မည်သို့ပါဝင်နိန်ကတ်ပုံအားလည်းကောင်း အကျဉ်းချုပ်တင်ပြခပါသည်။ အေဝ့အပိုင်း(၃)၌ အတွင်းသမားနှင့်အပြင်သမားနှစ်မျိုးလုံးရို့၏ အဆိုးအကောင်းသဘာဝများနှင့် ဗီဇဆိုင်ရာသုတေသနပြုလုပ်တွိဟိချက်များကို တင်ပြထားဟိပါသည်။**

ကေစာသမားတိ၏ အားသာချက်တခုကတော့ကေ သူရို့ရေ ကိုယ့်ကိုကိုယ်နန့် ကိုယ့်ပတ်ဝန်းကျင်ကို သုံးသပ်နိန်တတ်၊ သတိထားနိန်တတ်ကတ်တေလူတိဖြစ်တေအတွက် ရှမ်းရှမ်းဖြောက်ဖြောက်သမားတိ မမြင်လိုက်စွာတိ၊ လျှံ'လား၊ ကျော် လားခစွာတိကိုသူရို့တိ တွိတတ်၊ မြင်တတ်၊ ရှာဖွီ၊ တွိဟိတတ်ကတ်တေ လို့ဆိုပါရေ။ အခြားတဖက်က – ဆက်ဆံရေးနယ်ပယ်မှာ အပြောင်းအလဲတိများတတ်ကတ်စွာ၊ ဖေါက်ပြန်မှုတိဟိတတ်စွာရေ ဘွင်းဘွင်းပျော်ပျော်သမားတိမှာ ဟိတတ်တေ စရိုက်လက္ခဏာတခုလို့ဆိုပါရေ။ အောင်မြင်မှုနန့်ဆုလဒ်တိကိုအကျွန်ရို့ လူသားတိအားလုံး လိုက်ရှာနိန်ကတ်တေအချိန်မှာ သွက်သွက်ဖြောက်ဖြောက်သမားတိရေ အခြားတိထက်စာကေ ယင်းအခြင်းအရာတိအပေါ်မှာ ပိုလို့သဲသဲမဲမဲဖြစ်တတ်တေလို့ဆိုပါရေ။ ဖြစ်နိူင်၊ ရနိူင်ခြီ ဟိရေဆုလဒ်တိနောက်ကိုအကြီးအကျယ် လိုက်ပါလားတတ်တေခါ သူရို့တိရေ **'သတိပီးချက်'** တိကိုတောင်ဂရုမစိုက်၊ အလေးမထားမိရေအတွက် မလိုလားအပ်တေ ဘေးထွက်ဆိုးကျိုးတိကိုလည်း သူရို့တိ ခံစားကတ်ရရေလို့ ဆိုပါရေ။ ယင်းပိုင်အခြေအနေမှာ သတိထား၊ ဂရုစိုက်လုပ်ဆောင်တတ်တေ ကေစာသမားတိအနိန်နန့် ပိုလို့အလုပ်ဖြစ်တတ်ကတ်တေ လို့ ဆိုပါယင့်။

ကေစာသမားတိအနိန်နန့် လူအများနန့်အတူ လုပ်ဆောင်ရမှုကြောင့်အနှောက်အယှက်မဖြစ်တတ်သည့်တိုင်ကိုယ့်စွာကိုယ်တယောက်တည်းလုပ်ကိုင်၊ ကြိုးစားရေအချိန်တိမှာ ပိုလို့သာလွန်ကောင်းမွန်ရေ စိတ်ကူး၊ စိတ်သန်းနန့် ကျွမ်းကျင်မှုတိကို ရဟိစီပါရေလှတ်။ ဖလော်ရီဒါပြည်နယ်တက္ကသိုလ်က စိတ်ပညာပါမောက္ခအဲရိဆိန်ဦးစီးပြီးကေ ဘာလိန်တေးဂီတအကယ်ဒမီ (Music Academy in Berlin)ဟိသင်တန်းသား တယောထိုးသမားတိကိုပရိတ်သတ်ဟြိမှောက်တီးခတ်ဖျော်ဖြေဖို့ဖက်မှာ အါးသန်ဖို့လို့ယူဆဖြစ်တေ အတီးသမားအုပ်စုကနိန် –အတီးသမားတိဟြိမှာ ရပ်ပနာ တေးဂီတဆရာလုပ်ချင်ရေအုပ်စုထိ အုပ်စု(၃)စုခွဲပြီးကေ ဆန်းစစ်ချက်ချေတခု ပြုလုပ်ခပါရေ။ ယင်းတယောသမားတိကို တပါတ်မှာနာရီ (၅၀)စီ ညီတူမျှတူအချိန်ပီးလေ့ကျင့်မှုပြုစီပြီးကေ သူရို့တယောက်ချင်းစီကိုနိန့်စဉ်မှတ်တမ်း(ဒိုင်ယာရီ)ရွီးခိုင်းပါရေလှတ်။ ယေခါ ဇာကိုလားတွိရရေလဲဆိုကေ ပရိတ်သတ်တိဟြိမှာ တီးခတ်ဖျော်ဖြေရစွာကို ပိုလို့နှစ်သက်သဖေါကျတတ်တေ အတီးသမားတိဖြစ်လာဖို့ တယောသမားအုပ်စုနှစ်စုရေဂီတဆရာဖြစ်လာဖို့ အုပ်စုထက်စာကေ (လူအများနန့်တွိဆုံ၊ ပါတီပွဲတိတက်ခြင်းအစဟိရေ) လူမှုရေးရာကိစ္စတိဖက်မှာ ပိုလို့အချိန်ဖြုန်းတတ်ကတ်စွာကို လားတွိရရေလို့ဆိုပါရေ။

လေ့လာဆန်းစစ်မှုတိအရ ကေစာသမားတိရေ လောင်းစားကဇတ်တေဖက်မှာလည်း ကောင်းတတ်တေ လို့ ဆိုပါရေ။ ဇာဖြစ်လို့လဲဆိုကေ စွန့်စားမှုနန့်ပက်သက်လို့ တွေးခေါ်စဉ်းစားမှုနန့် ခံစားချက်တိကို အခြီခံရေ စိတ်ပိုင်းဆိုင်ရာသတိပီးချက်မျိုး သူရို့မှာဟိတတ်လို့ပါလှတ်။ ကမ္ဘာ့အကြီးကျယ်ဆုံး ရင်းနှီးမြှုပ်နှံရေးသမားတယောက်ဖြစ်တေ ဝါးရိန်းဘားဖတ်ကိုကြည့်ပါ။ သူရေအိမ်ပြင်ထွက်ပနာ လူမှုရေးပါတီတိ လိုက်တက်နိန်စွာမျိုး၊ လူတိနန့်တွိဆုံနိန်တတ်စွာမျိုးတိထက် စာကေ ကိုယ့်အိမ်မှာကိုယ် အီးအီးသက်သာနိန်ပနာ နှစ်ပတ်လည်အစီရင်ခံစာတိကိုဖတ်ခြင်း၊ တခုခုကဇတ်ခြင်းအစဟိစွာတိနန့် အိမ်မှာအချိန်ဖြုန်းရစွာကို ပိုလို့သဖေါကျ၊ နှစ်သက်တတ်တေလို့ ပြောပါယင့်။

တခုသောအယူအဆအရ အတုလုပ်ပြခြင်း၊ ဟန်ဆောင်ခြင်း၊ သရုပ်ဆောင်ခြင်းရို့ပိုင် အခြင်းအရာမျိုးတိကို လုပ်ဆောင်ရေခါ ကေစာသမားတိအနိန်နန့် ကကောင်းအလုပ်မဖြစ်တတ် လို့ဆိုပါရေ။ ကေစာ နန့် သသောရရှ စရိုက်နှစ်မျိုးမှာ ဇာဖက်ကိုအားသန်ရေလဲ ဆိုစွာကို →

*(တဖက်စာမျက်နှာမှ)*

လူတယောက်ရေ အမိဝမ်းထဲကကျွတ်ပြီးကေ ကကောင်းမကြာခင်မှာပင် ပြသတတ်တေသဘာဝအလျှောက် အပြုအမူချေတိ ဟိတတ်တေလို့ဆို ပါရေ။ ဟားဗက်တက္ကသိုလ်က စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပါမောက္ခတဦးဖြစ်တေ ဂျေရုမ်းကေဂန် (Jerome Kagan) ရို့ ၁၉၇၉ ခုနှစ် က ပြုလုပ်ခရေ သုတေသနပြုမှုတခုကို ကြည့်ကြည့်ပါ။

◆ ◆ ◆ ◆

***“ယင်းသျှောင်မျိုးအပြုအမူနန့် တုန့်ပြန်မှုတိကို လူသားတိရေ သူရို့ပေါက်စချေ အရွယ်ကပင်ပြသတတ်ကတ်ပါရေ၊ ယင်းတုန့်ပြန်မှုတိအပေါ်မှာ ကြည့်ပြီးကေ ယင်းအချေကြီးလာရေခါ ဘဇော်င်မျိုး နိန်တတ်ထိုင်တတ်တေ လူတယောက်ဖြစ်လာဖို့ ဆိုစွာကိုယျေဘူယျမှတ်ချက်ချလို့ရပါရေ၊ အေချင့်ရေလုံးဝဥဿုံဒေပိုင်မျိုးဖြစ်ကိုဖြစ်လာဖို့လို့တိတိကျကျဆုံးဖြတ်ပြောဆိုလို့တော့ကေမရစကောင်းပါ၊ ယေကေလည်း များကာကတော့ကေယင်းအတိုင်းဖြစ်လာကတ်စွာသေချာပါရေ”***

◆ ◆ ◆ ◆

၁၉၇၉ ခုနှစ် က ၄ လသားအရွယ် အစိတ်ကေချေ အယောက် ၅၀၀ ကိုစမ်းသပ်ခန်းထဲမှာထားပြီးကေ စမ်းသပ်ခပါရေ။ ယင်းအသက်အရွယ်နန့်သင့်တင့်လျှောက်ပတ်တေ စမ်းသပ်မှုတိနန့် စမ်းသပ်လုပ်ဆောင်ရေအထဲမှာ ‘လီလုံး’ (ဗူစီဖေါင်းဘောလုံး)တိကို အချေတိအနားမှာဖေါက်ခြင်း၊ အရောင်မျိုးစုံကိုလှုပ်ရှပြသခြင်း၊ ဝါဂွမ်းဖတ်ချေထဲမှာ အရက်ပျံဆွတ်ပနာအနံ့သျှူစီခြင်းအစဟိရေစမ်းသပ်ခြင်းမျိုးတိပါဝင်ပါရေလှုတ်။ ၂၀ ရာနှုန်းသော ယင်းစမ်းသပ်ခံအဘုချေတိရေ ယင်းအခြင်းအရာတိအပေါ်မှာ ကကောင်းပြင်းပြင်းထန်ထန် တုန့်ပြန်မှုပြုကတ်ပြီးကေ၊ အဘုချေ ၄၀ ရာနှုန်းက တတိမ်းဆဆိတ်ကြည့်နိန်ကတ်ပနာ၊ ကျန်ရေ ၄၀ ရာနှုန်းကတော့ကေ ယင်းနှစ်မျိုးကြားက အမူအယာတိကို ပြသကတ်တေလို့ ဆိုပါရေ။

ပါမောက္ခကေဂန်က ယင်း ‘လီလုံးဖေါက်ခြင်း’ ၊ ‘အရက်ပျံဆွတ်ဂွမ်းစ’ ၊ ‘ဖြူ နီ ဝါ ပြာ ရောင်စုံနှောပြသမှု’ တိကို အပြင်းအထန်တုန့်ပြန်ကတ်တေအစိတ်ကေချေတိရေ ‘ကေစာသမားတိ’ ဖြစ်လာလီဖို့လို့ ခန့်မှန်းချက်ပြုခပြီးကေ ယင်းစမ်းသပ်မှုတိအပေါ်မှာသက်တောင့်သက်သာအနိန်အထားမျိုးနန့်တုန့်ပြန်ရေ အစိတ်ကေချေတိကတော့ကေ ‘ဘွင်းဘွင်းပျော်ပျော်တိ’ ဖြစ်လာလီဖို့လို့မှတ်ချက်ချခပါရေ။

အေဂုဆိုကေယင်းအချေတိအားလုံး ကြီးကောင်စ လို့ဝင်ကတ်ပါယာ။ အေနိအချိန်မှာယင်းလူငယ်၊ လူရွယ် ၅၀၀ ကိုပြန်ကြည့်ရေခါ ယင်းမှန်းဆချက်တိအားလုံး မှန်ကန်နိန်ကြောင်း တွိရရေလို့ဆိုပါရေ။ စမ်းသပ်မှုတိကို ပြင်းပြင်းထန်ထန်တုန့်ပြန်ခရေအုပ်စုဝင်တိရေ ကိုယ့်အခန်းမှာကိုယ် အီးအီးလူလူနိန်တတ်တေလူငယ်ပိုင်းတိဖြစ်လာလတ်ပနာ စမ်းသပ်မှုတိအပေါ်အီးအီးဆီးဆီးတုန့်ပြန်ခရေအုပ်စုဝင်တိရေအပေါင်းအသင်းတိနန့်၊ ပါတီပွဲတိနန့်ဝင်ဆံ့လွန်းရေ လူငယ်တိဖြစ်လာစွာကို လားတွိရရေလို့ဆိုပါရေ။ “ယင်းသျှောင်မျိုးအပြုအမူနန့် တုန့်ပြန်မှုတိကို လူသားတိရေ သူရို့ပေါက်စချေအရွယ်ကပင် ပြသတတ်ကတ်ပါရေ၊ ယင်းတုန့်ပြန်မှုတိအပေါ်မှာကြည့်ပြီးကေ ယင်းအချေကြီးလာရေခါ ဘဇော်င်မျိုးနိန်တတ်ထိုင်တတ်တေလူတယောက်ဖြစ်လာဖို့ဆိုစွာကို ယျေဘူယျ မှတ်ချက်ချလို့ရပါရေ၊ အေချင့်ရေ လုံးဝဥဿုံဒေပိုင်မျိုးဖြစ်ကိုဖြစ်လာဖို့လို့ တိတိကျကျဆုံးဖြတ်ပြောဆိုလို့တော့ကေ မရစကောင်းပါ၊ ယေကေလည်း များကာကတော့ကေ ယင်းအတိုင်းဖြစ်လာကတ်စွာသေချာပါရေ” လို့ မက်ဆာချူးဆက်အထွေထွေဆီးရုံကြီး(ဘော့စထွင်)က စိတ်ပညာ ပါမောက္ခ ဒေါက်တာခါးလ်သျှဝါ့ဇ် က ဆိုပါရေ။ ကေစာသမားတိရေလူမှုရေးဝင်ဆံ့မှုအရာမှာတစိချေလောက် ကကုပ်ကကပ်ချေနှိုင်ကတ်ပြီးကေ ဘဘွင်းပပျော်သမားတိကတော့ကေသောသော ရုရု၊ ဝင်လိုက်၊ ထွက်လိုက်နိန်တတ်ကတ်တေစရိုက်လက္ခဏာတိအပေါ်မှာဒေါက်တာသျှဝါ့ဇ်က “လူတိမှာ ဒေသျှောင်မျိုး လူမှုစရိုက်ကွဲပြားမှုကိစ္စတိရေ လူတယောက်ချင်း၏မွီးရာပါဗီဇတခုတည်းကြောင့်မဟုတ်တေပိုင်၊ ယင်းလူဖြတ်သန်းကျင်လည်ရရေလူမှုပတ်ဝန်းကျင်တခုတည်းကြောင့်လည်းမဟုတ်ပါ၊ လူတယောက်၏ စရိုက်လက္ခဏာထဲမှာ ယင်းအချက်နှစ်မျိုးလုံး ပါဝင်နိန်စွာပါ” လို့မှတ်ချက်ချပါယင့်။

ဆိုကေယင်းမှုကွဲစရိုက်တိနန့် ဟိနိန်တတ်တေ သား၊ သမီး တိအပေါ်မှာ မိဖတိဘဇော်င်မျိုး သဖေါ်ထားရေလဲ၊ ယင်းအချေတိနန့် မိဖ၊ ဆရာ/ဆရာမတိကြားက ဆက်ဆံရေးဘဇော်င်လဲ – ဆိုစွာတိကို ဆက်လို့ လေ့လာကြည့်ကတ်ပါမေ။ မိဖအများစုကတော့ကေ သား၊သမီးတိကို ရွှန်းရွှန်းစားစား၊ သောသောရုရု၊ လားဝံ့၊ လာဝံ့၊ လုပ်ဝံ့၊ ကိုင်ဝံ့၊ ပြောဝံ့၊ ဆိုဝံ့ ဖြစ်ပနာ လူပြိုံ၊သူပြိုံသို့ထွက်ကတ်စွာကို လိုချင်ကတ်စွာများပါရေ။ ယေကေလည်း အရှက်၊ အကြောက်ကြီးတတ်တေ သားသမီးတိအပေါ်မှာ လူပြိုံ၊သူပြိုံ ထွက်ဝံ့လာအောင် ဆန္ဒပြု၊ လေ့ကျင့်ပီးစွာကိုလည်း အလွန်အကျွံမလုပ်သင့်လို့ဆိုပါရေ။ ဇာဖြစ်လို့လည်းဆိုကေ လူတိမှာ ယင်းလေ့ကျင့်ပီးမှုတိအပေါ်မှာ စုပ်ယူနှိုင်စွမ်း၊ လက်တွိအသုံးချနှိုင်စွမ်းတိရေ တယောက်နန့်တယောက် မတူကွဲပြားစွာ ဟိနိန်တတ်လို့ပါလှုတ်။

**ယေဗုရာ ယင်း လူငယ်၊ လူရွယ်တိရေ သင့်တင့် လျှောက်ပတ် စွာနန့်သူရို့တိ ဘဝတာထဲမှာ အကြီး အကျယ်လည်း လွှန် မနိန် တတ်တေပိုင် အလွန် အကျွံလည်း လန် မနိန် တတ်တေ လူ အဖွဲ့အစည်းဝင်တိ ဖြစ်လာကတ်ဖို့စွာ မ ဟုတ်ပါလား။**

◆ ◆ ◆ ◆

တချိန်တည်းမှာပင် ကိုယ့်သားသမီးရေ အဘွင်းအပျော်လွန်လို့ မြူ–မြူ–ဖြစ်ပနာ နိန်ယက်ပင်း၊ထိုင်ယက်ပင်း ‘လွှန်’ နိန်တတ်စွာတိ အပေါ်မှာ သက်တောင့်သက်သာ မဟိလှကေလည်း ထိမ်းချုပ်ခြင်း၊ ကန့်သတ်ခြင်း၊ ချုပ်ချယ်ခြင်း၊ လိုအပ်ကေ ကြောက်ရွံ့တတ်ခြင်းတိနန့် ဖလီ(ချိန်ခွင်)ညှိဖို့လိုရေလို့ပြောကေ လက်မခံချင်ကတ်စွာများရေ မဟုတ်ပါလား။ အထူးသဖြင့် ပွက်ပွက် သွက်သွက်၊ ဆူဆူ ညံညံ နိန်တတ်တေ လူ့အဖွဲ့အစည်းတိထဲမှာပါ။

တဖက်မှာ ကေစာသမားတိရေ အတန်းတိထဲမှာလည်း ‘ပါဝင်ဆွေးနွေးခြင်း’ အမှတ်တိဖက်မှာ အရ နည်းတတ်ကတ်ပါရေ။ ဇာဖြစ်လို့လဲဆိုကေသူရို့တိရေ ပတ်ဝန်းကျင်ကလူတိ၊ အခြင်းအရာတိ အပေါ်မှာ အာရုံခံပနာ စောင့်ကြည့်နိန်တတ်ပါရေ။ အခြားလူတိက ဘဇောင်ပိုင်တုန့်ပြန်ကတ်ဖို့လဲ၊ ဘဇောင်ပိုင်မှတ်ချက်ချကတ်ဖို့လဲ ဆိုစွာမျိုးတိကို တွက်ချက်စိုးရိမ်နိန်တတ်ကတ်ပါရေ။ ဆိုရေခါ ‘လွှန်’ တတ်တေ၊ မြူ မြူ ဖြစ်နိန်တတ်တေအချေတိကို ထိမ်းထိမ်းသိမ်းသိမ်း၊ အီးအီးလူလူ ဖြစ်လာဖို့အတွက်ပြုစု သွန်သင်၊ ဆုံးမကတ်ရာမှာလည်းကောင်း၊ အရှက်၊ အကြောက်ကြီးလွန်းရေ အချေတိကို ပြောဝံ့၊ ဆိုဝံ့၊ လုပ်ဝံ့၊ ကိုင်ဝံ့ဖြစ်လာအောင် ပြုစု၊ ပျိုးထောင်၊ လေ့ကျင့် ပီးကတ်ရာမှာ လည်းကောင်း စေတနာ၊ အသိ နန့် သတိ ရို့ ရောပြွမ်းထည့်ဝင်၊ လုပ်ဆောင်ကတ်ရဖို့ဖြစ်ပါရေ။ **ယေမှရာ ယင်း လူငယ်၊ လူရွယ်တိရေ သင့်တင့် လျှောက်ပတ်စွာနန့်သူရို့တိ၏ ဘဝတာထဲမှာ အကြီးအကျယ်လည်း ‘လွှန်’ မနိန်တတ်တေပိုင် အလွန်အကျွံလည်း ‘လန့်’ မနိန်တတ်တေ လူ့အဖွဲ့အစည်းဝင်တိ ဖြစ်လာကတ်ဖို့စွာ မဟုတ်ပါလား။**

အပိုင်း(၄)ကိုနောက်လတွင်ဆက်ဖတ်ပါရန်။

အားလုံးကိုခင်မင်လေးစားလျှက်

မောင်သာပေါ် (ရမ်းဗြဲ)

<u>ကျမ်းကိုး</u>

The Power of Introverts: The forgotten rewards of sitting down and shutting up by Bryan Walsh (Time / vol. 179. No. 5, 2012)

## ‘ကြွက်ချေတကောင်၏ အတွေ့အကြုံ’



တညဇာမှာ ငယ်ငယ်ရွယ်ရွယ်နန့် အတွိအကြုံ နုနယ်သိရေ ကြွက်ချေတကောင်ရေ အပြင်သို့စနဲနာဖို့ ထွက်လားပါရေလှတ်။ ယင်း ကြွက်ချေအိမ်ပြန်ရောက်တေခါ သူ၏ တရက်တာအတွိအကြုံတိကို သူ့အမိသည်ဘားမှာ ပြောပြပါရေလှတ်။

“မေမေ အကျွန် အေနိ အပြင်သို့ထွက်ပနာ စနဲနာစွာမှာ တိရစ္ဆာန်နှစ်မျိုးနန့် တွိခရရေ မေမေ။ ပထမတကောင်ကတော့ကေ အရပ်က ရှည်ရှည်၊ အသံက ကျယ်ကျယ်၊ သူ့ခန္ဓာမှာလည်း အနီရောင်၊ အဝါရောင်၊ အညိုရောင်နန့်ပင် အရောင်တိစုံစုံပနာ နခေါင်ကလည်း ရှည်ကရှည်၊ ချွန်ကချွန်နန့်။ နောက်တကောင်ကတော့ကေ အရောင်က ရွှေဝါရောင်၊ သူ့နားရွက်ချေတိဆိုကေလည်း မေမေရို့ အကျွန်ရို့မှာဟိရေ နားရွက်ချေတိပိုင်ဗျာယ်၊ မတုန်းချေဆိုကေလည်း လှကလှနန့်၊ အမွီးချေတိကလည်း ကျော့ပနာ အကျွန့်ကိုလည်း ကကောင်းလှရေ အပြုံးချေနန့် ကြည့်ဗနာ အတူတူကဇါပ်ချင်ရေအမူအယာချေတိ ပြ ပြ နိန်စွာမလား၊ ကကောင်း ခင်ဖို့ကောင်းရေမေမေ၊ အကျွန်သူနန့် အတူတူ ကဇါပ်ဖို့ပျင် နိန်တုန်းမှာ ဗြုန်းခနဲဆို – ယင်း အရပ်ရှည်ရေ အကောင်ကြီးရောက်ပါလတ်ပနာ သူ့အတောင်တိ၊ မတုန်းတိကို တဖြန်းဖြန်းခါဗျာယ်အသံအကျယ်ကြီးနန့် အော်ပလိုက်စွာမှာ အကျွန်နန့် ကဇါပ်ဖို့ပျင်နိန်ရေ ယင်း အလှုပ အကောင်လည်းထွက်ပြီး၊ အကျွန်လည်း ထွက်ပြီးလာဖို့ ကျလားခပါရေမေမေ” လို့ သူတွိကြုံခရရေ အကြောင်းစုံကို သေသေချာချာ ပြန်ပြောပြပါရေလှတ်။

ယေခါ သူ့အမိသည်က “အေး သားချေဝေး၊ မင်းမြင်ခ ရေ အကောင်နှစ်ကောင်ထဲမှာ အမွီးဖွဖွချေနန့် ရွှေဝါရောင် အကောင်စွာ ငါရို့တိ၏ အဓိကနန့် အများဆုံး သတိထားရဖို့ရန်သူ ‘ကြောင်’ ပင်ဖြစ်ပြီးကေ မင်းပြောရေ အရပ်ရှည်ရှည်နန့် အသံကျယ်ကျယ်အော်တတ်တေ ‘ကြက်ဖ’ ရေ မင်းအသက်ကို အေနိ ကယ်လိုက်စွာပင်ဖြစ်တေ” ဆိုပြီးကေ ပြန်ပြောလိုက်ပါရေလှတ်။

***အပေါ်ယံ အပြင်ဘန်း အမြင်နောက်ကို သတိမထားပဲလိုက်မိကေ အမှားတရားနန့် ကြုံတွိတတ်ပါရေ။***

*(အီစုပ်ပုံပြင်များမှ)*

● ● ● ● ●

***“တန်းတူရေး မှ တန်းမြှင့်ရေးသို့” မျက်နှာဖုံးဆောင်းပါး မှ***

ယင်း ‘တန်းတူရေး’ အတွက် လူသားရှိသည် ခေတ်အဆက်ဆက် ပြောဆိုဆွေးနွေးလာကတ်သည်။ တိုက်ပွဲဝင်လာကတ်သည်။ တော်လှန်လာကတ်သည်။ ဥပဒေများ ချမှတ်၊ ပြဋ္ဌါန်းလာခကတ်ပါသည်။

ကျွန်များ ကျွန်ပိုင်သျှင်အောက်မှ လွတ်မြောက်ရေး (တနည်းဆိုရသော် ကျွန်နှင့် ကျွန်ပိုင်သျှင် လူသားချင်း တန်းတူဖြစ်ရေး) အတွက် တိုက်ခိုက်ကတ်သည်။ တော်လှန်ကတ်သည်။

အမျိုးသမီးများက အမျိုးသားများနှင့် တန်းတူ အခွင့်အရေးများ ရဟိရန်အတွက် တောင်းပွဲ၊ တိုက်ပွဲများ ဆင်နွှဲကတ်သည်။

လူမဲများက လူဖြူများနှင့် တန်းတူအခွင့်အရေး ရဟိရန်အတွက် တောင်းဆို တိုက်ပွဲဝင်ကတ်သည်။

လူနည်းစုဝင်များက လူများစုဝင်များနှင့် တန်းတူအခွင့်အရေးရဟိရန်အတွက် တောင်းဆိုတိုက်ပွဲဝင်ကတ်သည်။

ယုတ်စွအဆုံး အကျွန့်သားကြီးအား ကဇါပ်စရာတခုခုဝယ်လာပီးတိုင်း အကျွန့်သမီးချေအတွက်ပါ အရုပ်ချေတရုပ်ဝယ်လာပီးရန် အကျွန်က သတိထားရသည်။ သို့မဟုတ်လျှင်အကျွန့်သမီးချေက “ဒေချင့်တရားမျှတမှုမဟိ၊ ဒေချင့်မတရား” (It's not fair!) ဟုဆိုကာ အိမ်တွင်းဆန္ဒပြမှုမျိုးနှင့် အကျွန်ရင်ဆိုင်ရတတ်ပါသည်။

ဤသို့ဖြင့် တူညီသင့်ပါလျှက်နှင့် မတူညီဖြစ်နိန်သော တန်းများ တူညီရန်အလို့ငှါ လူသားများသည် နိန်ရာတိုင်း၊ ခေတ်တိုင်း၊ အခြေအနေတိုင်း၌ သူ့နည်းသူ့ဟန်ဖြင့် ရုန်းကန်ခကတ်သည်။ အီးချမ်းစွာ ဆန္ဒပြတောင်းဆိုမှုများ ဟိသကဲသို့ အသက်၊ သွီး၊ ချွေး များပီးဆပ်ကာ ကြမ်းတမ်းစွာ တိုက်ပွဲဝင်ကတ်ရသည်များလည်း များစွာဟိခကတ်ပြီး ဖြစ်ပါသည်။

ရောမကျွန်ပိုင်သျှင်ခေတ်က ကျွန်များအားရင်ဖတ်နှင့် လက်မောင်းတွင် မြင်သာထင်သာ တံဇိပ်အမှတ်များ ခတ်နှိပ်ကာ လူ လူချင်းရောင်းဝယ်ဖေါက်ကားခြင်းများ ဟိခပါသည်။ ထိုကြောင့်လည်း စပါးတားကပ် ဦးဆောင်သည့် တော်လှန်ရေးကဲသို့သောကျွန်တော်လှန်ရေးများဖြစ်ပွါးခ သည်မဟုတ်ပါလား။ ၁၉၆၀ ပြည့်လွန်ခုနှစ်များအထိ အမေရိကန်ပြည်ထောင်စု၌ပင်လျှင် ဘတ်စကားထက်၌ လူဖြူများအား လူမဲများက ထိုင်ခုံနိန်ရာ ထ ပီးခရသည့်အခြေအနေများဟိခပါသည်။ ထိုအဖြစ်အပျက်ကြောင့်ပင် ဒေါက်တာမာတိန်လူသာကိန်း ဂေါင်းဆောင်သော လူထုလှုပ်သျှားအုံကြွ တော်လှန်မှုကြီးဖြစ်ပွါးခသည် မဟုတ်ပါလား။





တန်းတူရေးအတွက် ပြီးခသည့်အတိတ်ကာလက (အကျွန်ရို့နှင့် ခဝီးဝီးနိန်ရာအချို့တွင်) လူသားရို့ တောင်းဆို တိုက်ပွဲဝင်ခ ကတ်သည့်များစွာသောဖြစ်ရပ်များထဲမှ တခုစ၊ နှစ်ခုစ ဆွဲထုတ်တင်ပြခြင်းဖြစ်ပါသည်။ အေဂုအကျွန်ရို့တင်ပြလိုသည့် တန်းတူရေး ဖက်ကိုလှည့်ကြည့်ကတ်ပါမည်။

အေနိခေတ်အကျွန်ရို့ကြုံတွိ့ကတ်ရသော တန်းမတူမှုမှာ စပါးတားကပ်ရို့ခေတ်ကကဲ့သို့ အရောင်းခံရခြင်း၊ ရင်ဖတ်၊လက်မောင်းစသည့်ကိုယ်အင်္ဂါအစိတ်အပိုင်းများတွင် တံဇိပ်ခတ်နှိပ်ခြင်းများမခံရပါ။ ဒေါက်တာမာတိန်လူသာကိန်းရို့ကဲ့သို့ ဘတ်စကားထက်တွင်ထိုင်ရာမှ ထပီးရခြင်းများလည်းမဟိပါ။ စက်ရုံတရုံတည်းတွင် တူညီသောအလုပ်တခုတည်းကို လုပ်နိန်ကတ်စွာချင်းအတူတူ အမျိုးသားများက တနာရီ ၁၀ ဒေါ်လာ ရနိန်ချိန်တွင် အမျိုးသမီးများက တနာရီလျှင် ၇ ဒေါ်လာသာရကတ်သည့် ခွဲခြားဆက်ဆံမှုမျိုးလည်း အကျွန်ရို့မခံရပါ။ သူတက်သည့်ကျောင်းတွင် ငါမတက်ရ၊ ဘောလုံးပွဲတပွဲတည်းကို လာရောက်အားပီးကတ်သည့်ပရိတ်သတ်ချင်းအတူတူ သူကြည့်သည့်ပွဲကြည့်စင်တွင် ငါမကြည့်ရ ဟူသည့် (တောင်အာဖရိကမှ အဖါးထိုက် (Apartheid) စနစ်ရို့ကဲသို့) ခွဲခြားထားသည့်အဖြစ်မျိုးလည်းမဟိပါ။ နိုင်ငံတော်အလံထဲတွင်လည်း အရွယ်အားဖြင့် အကြီး၊ အငယ် ခွဲခြား၊ရှီးဆွဲထားသည့် ကြယ်ဖြူလည်း တလုံးချေတောင်ဟိမနိန်ပါ။ (စကေးကိုက်ပန်းချီရှီးဆွဲထားမှုအရ) ကြယ်အားလုံးမှာ အရွယ်တူကြယ်ဖြူများပင် ဖြစ်ကတ်ပါသည်။

သို့ဆိုလျှင် အကျွန်ရို့က “တန်းတူရေး” ကို ပြောဆိုနိန်ကတ်ခြင်းမှာ ‘မဟိ’ ကို ‘အဟိ’ လုပ်၍ (လုပ်ကြံ လိမ်လည်ကာ) ပြောဆိုဆွေးနွေးနိန်ကတ်ခြင်းမျိုး၊ တရားမျှတမှုကို မတရားလီယောင် ကြံစည်ဆောက်ရွက်ခြင်းမျိုး၊ မိမိက အရည်အသွီးမဟိ၍၊ ကြိုးစားဆောင်ရွက်ခြင်းမျိုးမဟိ၍ ရာထူးမတက်သည်ကို (ရာထူးမြင့်တက်လားသူရို့က ချိုးနှိမ်ထား၍ဖြစ်သည်ဟု) ခပျင်းပျင်း၊ ခဖျင်းဖျင်း ဝန်ထမ်းတဦးကဲသို့ ရမယ်ဟြာသျှောင်မျိုးတိ ဖြစ်ကောင်းဖြစ်နိန်နှိုင်ပါသည်။

→

◆ ◆ ◆ ◆

***သတင်းထောက်။ ။ ဦး မန်းဝင်းမောင်အနိန်နန့် အေဂု သမ္မတဖြစ်လာရေခါ (သမ္မတမဖြစ်ခင်ကထက်) ထူးထူးခြားခြား ဖြစ်လာစွာမျိုးတိကို ပြောပြပါဗလင်။***

***ဦး မန်းဝင်းမောင်။ ။ အေဂု အကျွန် သမ္မတဖြစ်လာရေခါ (သမ္မတမဖြစ်ခင်ကထက်) သိသိသာသာ ထူးခြားလာရေအချက် ၂ ချက်ဟိပါရေ။ ပထမတချက်က တော်ရှည်ဒယါးကို ၃ မိနိအတွင်းပြီးအောင် ဝတ်တတ်လာ ပါရေ။ ဒုတိယထူးခြားချက်ကတော့ကေ မြင်းစီးတတ်လာ ပါ ရေ။***

◆ ◆ ◆ ◆

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဦးစွာ သမ္မတဖြစ်ခကတ်သူ များထဲတွင် သမ္မတကြီး စပ်ရွှေ သိုက်သည်လည်းကောင်း၊ သမ္မတကြီး မန်းဝင်းမောင် သည်လည်းကောင်း ဗမာများမဟုတ်ကတ်ပါ။ “စစ်မှန်သည့် ပြည်ထောင်စုကြီး” ဟု ထင်မှတ်စရာဟိပါသည်။ အဂေါင့်အမှန်မှာ ‘အဖြစ်သဖေါ်’တင်မြှောက်ထားသော (ဗမာမဟုတ်သူအကြီးအကဲများ၏) ယင်းနာမည်များကိုပင် စနစ်တကျဖျောက်ဖျက်ထားသည်ဖြစ်ရာ ထို သမ္မတနှစ်ဦးစလုံး၏ အမည်များကို မြန်မာ့သမိုင်းစာအုပ်/စာစောင်များတွင် ခဲခဲယဉ်းယဉ်း ဖြာဖွီဖတ်ရှုကတ်ရပါသည်။ အမှန်အတိုင်းဆိုရလျှင် ယင်းနာမည်များကို နောက်မျိုးဆက်နိုင်ငံသားများ ကြားတောင်မကြားဖူးကတ်ပါ။

သမ္မတကြီး မန်းဝင်းမောင်နှင့် သတင်းစာသမားတဦးရို့ တွိဆုံမိန်းမြန်းခန်းတခုမှ ကောက်နုတ်ချက်ချေကို အောက်တွင်ရှုပါ။

သတင်းထောက်။ ။ ဦး မန်းဝင်းမောင်အနိန်နန့် အေဂု သမ္မတဖြစ်လာရေခါ (သမ္မတမဖြစ်ခင်ကထက်) ထူးထူးခြားခြားဖြစ်လာစွာမျိုးတိကိုပြောပြပါဗလင်။

ဦး မန်းဝင်းမောင်။ ။ အေဂု အကျွန် သမ္မတဖြစ်လာရေခါ (သမ္မတမဖြစ်ခင်က ထက်) သိသိသာသာ ထူးခြားလာရေအချက် ၂ ချက်ဟိပါရေ။ ပထမတချက်က တောင်ရှည်ဒယါးကို ၃ မိနိအတွင်းပြီးအောင် ဝတ်တတ်လာ ပါရေ။ ဒုတိယထူးခြားချက်ကတော့ကေ မြင်းစီးတတ်လာပါရေ။

အထက်ပါတွိဆုံမိန်းမြန်းခန်းကောက်နုတ်ချက်ထဲမှ သမ္မတ မန်းဝင်းမောင် ညွှန်းဆိုသည့် အချက်နှစ်ချက်မှာ သမ္မတဖြစ်လာသည့်အတွက် နိတဓူဝ ထူးထူးခြားခြားလုပ်ဆောင်ရသည့် (သို့မဟုတ်) သူ၏ သမ္မတပါဝါအား (တစုံတဦး၏ခွင့်ပြုချက်ကိုမှ တောင်းဆိုနိန်စရာမလိုပဲ) လွတ်လပ်စွာအသုံးချခွင့်ရသည့် လုပ်ငန်းကြီးနှစ်ရပ်ကို ညွှန်းဆိုလိုခြင်းဖြစ်ဟန်တူပါသည်။ ဦးမန်းဝင်းမောင်ကလည်း ယင်းအခြေအနေကိုပင် (ခထထဲ့) ဖြေကြားခခြင်းဖြစ်နိုင်ပါသည်။ ပြောရမည်ဆိုလျှင် ထိုခေတ်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် အေနိအချိန်ထိ ဒီမိုခရေစီနည်းအကျဆုံး အခြေအနေဖြင့် အုပ်ချုပ်သည့် အစိုးရခေတ်ဖြစ်ခပါသည်။

ယင်းသို့ခေတ်အခြေအနေထဲမှာပင် “ပြယုဂ်” အနိန်ဖြင့်သာ ဂေါင်းပေါင်း ပေါင်းခွင့်ရခကတ်သော အကျွန်ရို့ ခမာတိမှာ ထိုခေတ်လွန်မြောက်ပြီးနောက် တပါတီစနစ်ဖြင့် မင်းမူနိန်ခသည့် ဦးနေဝင်းအစိုးရ လက်ထက် နှင့် လက်ဟိ စစ်အစိုးရလက်ထက်များတွင် နိုင်ငံအတွက် ဆိုးတူကောင်းဖက် ပူးပေါင်းဆောင်ရွက်ကတ်စွာချင်းအတူတူ “ပြယုဂ်ဂေါင်းပေါင်း”အနိန်ကို အသာထား၍ အရေးပါသောဝန်ကြီးနေရာများကိုပင် အိပ်မက်မက်ခွင့် မဟိကတ်ပါဗျာယ်။ တူညီဝတ်စုံများဝတ်ဆင်ကာ တသွီး တသံ တမိန့် တည်းအောက်တွင် သွီး၊ ချွေး၊ အသက်များ စတေးအတူခံကတ်စွာချင်းအတူတူ မြန်မာ့တပ်မတော်၏ ဗိုလ်မှူးကြီးနှင့်အထက် ရာထူးများကို အကျွန်ရို့မျှော်မှန်း၍မဖြစ်နိုင်ပါ။

တပြည်နယ်လုံးအတိုင်းအတာအရ ဒီဂရီကောလိပ်တခု ဖွင့်လှစ်ခွင့်ရဟိရေးကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင် နှင့် သျှမ်း ပြည်နယ်များတွင် လွတ်လပ်ရေးရပြီးနောက် (အနည်းဆုံး) ဆယ်စုနှစ် သုံးစုခန့်ကြာအောင် စောင့်ဆိုင်းခကတ်ရပါသည်။ အာဏာပိုင်များအနိန်ဖြင့် လူဦးရေ (ကျောင်းသားဦးရေ)နည်း၍ ဒေသတွင်းတွင် သောင်းကျန်းသူများဟိနိန်၍ အစဟိသည့် ယုတ္တိယုတ္တာဟိဟိ၊ ခိုင်မာသည့်အကြောင်းပြချက်များ များစွာဟိနိန်မည်ကို ယုံမှားသံသယဖြစ်စရာမလိုပါ။ တချိန်တည်းမှာပင် ဘဇာကြောင့်အဆိုပါ သောင်းကျန်းသူ အမည်တပ်ခံရသူများ ထိုနယ်မြီများတွင် ဟိနိန်ရသည်ကိုမူ အကျယ်ချဲ့မပြောနိန်စရာ လိုအံ့မထင်ပါ။ အားလုံးသိနိန်ခသည့်၊ သိနိန်ကတ်သည့်၊ လက်ဟိကြုံတွိ့ရင်ဆိုင်နိန်ကတ်ရသည့် အခြေအနေများပင် မဟုတ်ပါလား။

**“လူသားတဦး၏ စွမ်းရည်သည် ကန့်သတ်မဲ့ဖြစ်သည်”** ၊ တနည်းအားဖြင့် **“လူသားသည် အဆုံးအစမဲ့ စွမ်းရည်ကိုပိုင်ဆိုင်သည်”** ဟု ဆိုလျှင် ငြင်းဆိုမည့်သူ မည်သူမျှ ဟိမည်မဟုတ်ပါ။

◆ ◆ ◆ ◆

***ဗမာမဟုတ်သည့် မျိုးနွယ်စု တခုထဲတွင်မွီးဖွါးလာသည့်အတွက် မည်မျှပင် ရိုးသား ၊ ကြိုးစားစီ ကာမူ သူ့ခမာ၏ အနာဂါတ်မှာ ကန့်သတ်ပြီးသား၊ သူ့ဘဝ ဖြစ်နိုင်ခြီ အမြင့်ဆုံး အပိုင်းကို ကြိုတင်တွက်ဆ၍ရဟိပြီးသားဖြစ်ပါသည်၊***

◆ ◆ ◆ ◆

## စာစဉ်မှာယူလိုလျှင်

အေသတင်းစိုဉ်ဝယ်ယူအားပီးလိုသူများအနိန်ဖြင့်အောက်ဖေါ်ပြပါနီးစပ်ရာစာစဉ်ကူညီဖြန့်ချီပီးသူများမှတဆင့်ဆက်သွယ်ဝယ်ယူနိူင်ကတ်ပါသည်။ အထူးကျေးဇူးတင်ပါသည်။

ကို ဦးသိန်းမောင် (အိုင်အိုဝါ)

☎ ၅၁၅-၃၂၆-၄၆၂၂

*ကို ကျော်သိန်း (ချီကာဂို)*

*☎ ၇၇၃-၄၁၄-၂၈၁၃*

ကို အောင်ထွန်းစိန် (ပိစ်ဘာ့ဂ်)

☎ ၄၁၂-၄၀၃-၇၈၂၂

*ကို နိုင်မင်းဖံ (ဘာဖဲလို)*

*☎ ၇၁၆-၃၀၈-၃၅၆၆*

ကို ဆန်းလှိုင် (မီဝေါ့ကီ)

☎ ၄၁၄-၄၈၄-၅၇၃၈

*ဂိုးချေ (ယူတား)*

*☎ ၈၀၁-၅၁၂-၁၀၃၆*

ကို ကျော်သိန်း (မီဇူရီ)

ဖုန်း ၈၁၆-၂၉၄-၈၄၅၁

*ကို စောသိန်းမောင်(ချီကာဂို)*

*☎ ၆၃၀-၇၄၉-၈၀၈၃*





သို့သော် အထက်တွင် ဖေါ်ပြခဲ့သော ဖြစ်တည်ချက်များအရ ဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံထဲတွင် ကချင်၊ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ သျှမ်း အစရှိသော (ဗမာမဟုတ်သူ) မျိုးနွယ်စုတခုခုထဲတွင် မွေးဖွါး လာသည့် အစိတ်ကေချေတဦးအတွက် သူ၏ အနာဂါတ်ဖြစ်တန်စွမ်းများ ကို ကန့်သတ်ပြီးသားဖြစ်ပါသည်။ ဗမာမဟုတ်သည့် မျိုးနွယ်စုတခုထဲတွင် မွေးဖွါးလာသည့်အတွက် မည်မျှပင် ရိုးသား၊ ကြိုးစားစီကာမူ သူ့ခမာ၏ အနာဂါတ်မှာ ကန့်သတ်ပြီးသား၊ သူ့ဘဝ ဖြစ်နိုင်ခြေ၏ အမြင့်ဆုံးအပိုင်းကို ကြိုတင်တွက်ဆ၍ ရပြီးသားဖြစ်ပါသည်။ **သူ့အနိမ်ဖြင့် ဘဝလုံခြုံမှုဇာမျှ ရှိသည်၊ ဇာမျှအတိုင်းအတာအထိ လုပ်ပိုင်ခွင့်၊ ဖြစ်ပိုင်ခွင့်ရှိသည်၊ မည်သည့်အစိတ် အပိုင်းများကိုမူ အိမ်မက်မက်ခွင့်မရှိ၊ မည်သို့သော အရာများကိုမူ တို့ထိ၍ပင်ကြည့်ခွင့်မရှိ'---အစရှိသည့် သူ့ဘဝ၏ ဖြစ် တန်စွမ်းများကို** အသက်အရွယ်အင်တန်ရလာသည်နှင့် သူ၏ဘဝ ဖြတ် သန်းမှု အတွေ့အကြုံများထဲမှတဆင့် အလိုလိုသိရှိနားလည်ပြီးဖြစ်ပါ လိမ့်မည်။

ယေသော်လည်း ထိုအခြေအနေကို (လောလောဆယ်) ပြောင်းလဲပစ် ရန်မှာ သူ့အနိမ်ဖြင့် မည်သို့မှ မဖြစ်နိုင်ကြောင်းကိုလည်း သူကိုယ်တိုင်ပင် တွေ့ရှိပါလိမ့်မည်။ ယင်းအခြေအနေ၌ **စကားနဲ၊ ရန်စဲ လုပ်လိုမှုကြောင့် (တနည်းအားဖြင့်ကြောက်၍) လည်းကောင်း၊ တချို့က အခွင့်ထူးခံဖြစ်လို၍ လည်းကောင်း၊ တချို့ကကိုယ်လွတ်ရုန်းကာ မြက်စား လိုသောဆန္ဒ ကြောင့်လည်းကောင်း၊ တချို့က ယင်းအခြင်းအရာများကို ကွဲပြား၊ ခြားနားစွာ နားလည်နိုင်စွမ်းမရှိ၍လည်းကောင်း အစရှိသည့် နည်းမျိုးစုံဖြင့် ခိုင်းဖတ်ခံ လူသားကိရိယာတန်ဆာဗလာ (human tools) များအဖြစ်သို့ ပြောင်းလဲလားကတ်**ပါသည်။ လူသားတဦးအဖြစ် ဖြစ်တည်မှုအတွက် လည်းကောင်း၊ ကျန် လူသားမျိုးနွယ်စုဝင် အားလုံး အတွက်လည်းကောင်း ဝမ်းနည်းစရာအလွန်ကောင်းသော အခြေအနေ တရပ်ပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ အကျွန်ရို့က 'တန်းတူရေး' ကို ကြွေး ကြော် ပြောဆို နိန်ကတ် သည်မှာ လွန်အံ့မထင်ပါ။ လိုတောင် လိုနိန်ပါ ဦးမည်။

သမိုင်းအစဉ်အလာကြီးမားသော၊ မူလ ဘူတ အားဖြင့် ကိုယ် ကျင့်တရားနှင့်အကျင့်စာရိတ္တ ကြံ့ခိုင်၊ ကြွယ်ဝသော၊ မျိုးချစ်စိတ်ပြင်းထန် သောရခိုင်ရို့အတွက်မှာကား မတူညီနိုင်သော၊ တနည်းအားဖြင့် **အုပ်ချုပ် သူဗမာများနှင့် ဇာခါမှလည်းတူနိန်လီဖို့မဟုတ်သော ယင်းတန်းများကို တူညီရန်ညှိချိန်ပီးဖို့အစား ကိုယ့်တန်းကိုကိုယ်မြင့်အောင် မြှင့်တင်ယူရေး သည်သာလျှင် နောက်ဆုံးထွက်ပေါက်** ဖြစ်မည်ထင်ပါသည်။

သူများလက်ဝီခံအဖြစ် (ယင်း) အရာကို ခွီးမျှော်ယောင် မျှော် လာသည်မှာလည်း မျိုးဆက်ပေါင်းများစွာ၊ရာစုနှစ်နှင့်ချီ၍ ကြာမြင့်လား ကတ်ဗျာယ်ဖြစ်ပါသည်။ ယင်းကာလတလျှောက်တွင် စတေးခံဘဝ၊ ထောင် ကျ၊ ကန်းကျ၊ ဗရမ်းဗရာဖြစ်၊ သီ၊ ပျောက်ခြင်းတိရာ အဖတ်တင်ပနာ အားလုံး၏အောက်က၊ နောက်ကဖြစ်နိန်ခြင်း၊ လူ့အဖွဲ့အစည်းတခုလုံး စနစ်တကျ ဖျက်ဆီးခံရခြင်းသည်သာလျှင် ရခိုင်ရို့၏ စုစုပေါင်းရလဒ် ဖြစ် လာနိန်ပါသည်။

အကျွန်ရို့၏အနာဂါတ်သည် အကျွန်ရို့(ရက္ခိုင်သူ၊ရက္ခိုင်သား) တိအားလုံး အမြော်အမြင်ရှိရှိ၊ အသိ၊ သတိရှိရှိ၊စုပေါင်းတည်ဆောက် မှုအပေါ်တွင်မူတည်နိန်ပါသည်။ သို့ဖြစ်ရာ ရခိုင်သူ၊ ရခိုင်သားတိုင်း လူတော် လူကောင်းများဖြစ်လာစီရန်၊ ရခိုင်ပြည်တွင်းရှိလူသားအားလုံး ဘက်ပေါင်းစုံတွင်တန်းတူအခွင့်အရေးများရရှိကတ်စီရန်၊ လုံခြုံ၊ ခိုင်မာ သော ဘဝအာမခံချက်များအားလုံး တန်းတူတန်းမျှပိုင်ဆိုင်မှု ရရှိကတ်စီ ရန် အကျွန်ရို့အားလုံး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွှေ့ ကြိုးပမ်း တည် ဆောက်လားကတ်ဖို့ နှင့် ယင်းသို့ ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသ၏ လွတ်လပ် ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ငြိမ်းချမ်းရေးရို့ ရရှိရန်အတွက် အခြီခံကျသည့် ပြုပြင်ပြောင်းလဲစရာများကို အကျွန်ရို့တယောက်ချင်း၏ ကာယ၊ ဉာဏ၊ စာရိတ္တ မဏ္ဍိုင်များနှင့် မျိုးချစ်စိတ်အခြီခံလျှက် ခရီးဆက်ကတ်ရဖို့ဖြစ် ကြောင်း အကျွန်ရို့ လူ့အဖွဲ့အစည်းဝင်ညီအစ်ကို၊ မောင်နှမအားလုံးသို့ ပန်ကြားတိုက်တွန်း လိုက်ပါရစီ။

လူမှုအဖွဲ့အစည်းတခုဟူသည် ယင်းလူ့အဖွဲ့အစည်းဝင် လူသား တဦးချင်းစီအား စုပေါင်းဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အကျွန်ရို့ လူ့အဖွဲ့အစည်းဝင် တဦးချင်းစီသည် နိုင်ငံတည်နိုင်လောက်သည့်၊ တိုင်းကျိုးပြည်ပြုနိုင်လောက်သည့် အရည်အသွီး၊ အရေအတွက်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တကြံ့ခိုင်မှုများ ရှိနိန်ကတ်မှသာလျှင် ယင်းလူ တဦး ချင်းပါဝင်ဖွဲ့စည်းထားသည့် ယင်းလူ့အဖွဲ့အစည်းသည်လည်း နိုင်ငံတည် ဖြစ်၊ တိုင်းကျိုးပြည်ပြုဖြစ်လာပါလိမ့်မည်။ ဂလိုဘလိုင်ဇေးသျှန်းသဘာဝ နှင့် နည်းပညာ၏ပံ့ပိုးမှုရို့ကြောင့် အပြောင်းအလဲများ အသျှိန်အဟုန်ပြင်း ပြင်းနှင့် ဖြစ်ပေါ်တတ်သည့် အေဂုကဲသို့ စပ်ကူး၊ မတ်ကူး ကာလများတွင် ခါတိုင်းထက်ပို၍ မျက်စိကိုဖွင့်၊ နားကိုစွင့်ပနာ သတိ၊ ဝီရိယရှိရှိ လုပ် ဆောင်ကြိုးပမ်း၊ ခရီးဆက်လှမ်းကတ်ရဖို့ဖြစ်ကြောင်းပါ။

အားလုံးကိုခင်မင်လေးစားလျှက်

မောင်ဦးသိန်းမောင်



# အလှဆုံးညဥ့်လား ....ဂန္ဓာရရှင်းနီ



ညဥ့် ....

ကြယ်မဟိပါကေလေ့ လှနိန်ရေ

ညဥ့် တညဥ့်ဖြစ်ဖို့ .... လ မလိုမှန်း

မက်ချ် အာရုဏ်ကူးမှ စာအုပ်ထဲမှာဖတ်လိုက်မိရေ။

အရောင်ထထူ သုတ်ထားရေ

ညဥ့်မျိုးကြုံခရေ

အရောင်ပပါးချေ တင်ထားပြီးသားနာ

လှရေလို့မြင်နိန်ရေ အခါလေ့ဟိခ ရေ

တခါတရီမှာ ညဥ့်က

မျက်နှာသစ်ပြီးခါစ မျက်နှာမျိုးနန့်

စကားတဝီဝီ စပြောရေ။

ကဗျာဆရာကြီးက ဝေဖန်ပြန်ဗျာယ်

ငါ့ကဗျာတိ မာနပါနိန်ရေလို့

ညဥ့် .... ပြောပြပီးဖို့လား

ရုပ်မှန် နန့် သဏ္ဍာန် အကြောင်းကို

သက်ပြင်း သက်ပျော့ချမိရေ

ဂန္ဓာရနှင်းနီ နားလည်မှုလွဲနိန်လို့လေ။

တူရိယာအကြောင်း လေ့လာပါရစီ

ညဥ့်အကြောင်း တီးကြည့်ချင်လို့

နားထောင်စီချင်လို့

သာယာစီချင်လို့

လိမ်မာစီချင်လို့

နှုတ်ဆက်ချင်လို့

ညဥ့်ကို ချစ်လို့ ....။

ဒေအကြောင်း ဆောင်းပါးထည့်ဖို့

လူကြုံဟိပါဖို့သိမ့်လား

ဂုမြင်နိန်ရရေညဥ့်က အလှဆုံးမဟုတ်လား

ဂန္ဓရနှင်းနီ ....။

*ကျော့ကြာညို (ရခိုင်သမီးပျို)*

*၀၉ · ၀၃ · ၂၀၁၁*

**‘သုတ’ နန့် ‘ရသ’ ရှိကိုလည်းကောင်း**

**‘သတ္တိ’ နန့် ‘ခွန်အား’ ရှိကိုလည်းကောင်း**

**‘မစုရတာ’ နန့် ‘ပညာ’ ရှိကိုလည်းကောင်း**

**ပီးစွမ်းနိူင်သော စာများဖြင့်**

**လူ့အဖွဲ့အစည်းကို အလှဆင်တင့်တယ်စီအံ့။ ။**



# အတွဲအကြုံလက်ဆင့်ကမ်းခြင်း

ကျော်သိန်းခိုင်



လူ့ဖြစ်စဉ်အစ မှာ လူစွာရေ တိရစ္ဆာန်နန့်မခြားပါ။ ဘာသာစကားလည်း မဟိသိမ်း။ စာပီဆိုစွာတော့ ဝေလာဝီး။ စကားမဟိ၊ စာမဟိကေယိုဉ်ကျေးမှု ဇာက ရခီပါဖို့လဲ။ ယိုဉ်ကျေးမှုမဟိကေ တိရစ္ဆာန်နန့် အတူတူပါယာ။

တိရစ္ဆာန်တိမှာတော့ကေ ရန်သူကို ကာကွယ်ဖို့လက်နက်ကိုယ်စီပါလာကတ်တေ။ ယတင်မက – အပူ၊အအီး အစဟိရေ ရာသီဥတုဒဏ်ကိုကာကွယ်ဖို့အမွှီးအမျှင် တိလေ့ပါလာသိမ့်ရေ။ လူတိမှာကျခါ အမွှီးအမျှင်ဆိုစွာလေ့ ရာသီဥတုဒဏ်ကို ကာကွယ်နိူင်လောက်အောင်မဟိ။ လက်နက်ဆိုစွာလည်းဗလာနတ္ထိ။ ယေကေလည်းကျန်ရေသတ္တဝါအားလုံးမှာဟိရေလက်နက်စွမ်းအင်အားလုံးထက်ပိုမိုကောင်းမွန်ရေအထက်မြက်ဆုံး ဦးနှောက်တလုံးကို သဘာဝတရားကြီးက ချီးမြှင့်ပီးထားခရေ။

ယင်းဦးနှောက်ကိုအသုံးပြုပြီးကေ ပါးစပ်က အသံထုတ်လုပ်ပနာ ဘာသာစကားတိကိုတီထွင်နိူင်ခလို့ လူနန့်လူချင်းဆက်သွယ်ပြောဆိုနိူင်လာကတ်တေ။ ယင်းဘာသာစကားနန့်ပင် မိမိနှလုံးသားထဲက ခံစားချက်တိကိုထုတ်ဖေါ်ပြောဆိုလာနိူင်လို့ လူလူချင်းဆက်ဆံရေး တိုးတက်ကောင်းမွန်လာပါရေ။ ကာလအတန်ကြာရေခါ ဘာသာစကားကို အခြီခံပနာ စာပီဆိုစွာကိုလည်း တဆင့် တီထွင်နိူင်ခကတ်တေ။ ယင်းတီထွင်မှုကြီးနှစ်ခုက လူသားတိကို စကြာဝဠာ၏ အသျှင်သခင်အဖြစ်သို့ ပို့ပီးလိုက်စွာဖြစ်တေ။

စကားဆိုစွာကတော့ကေ လီထဲမှာပြောပြီးကေ လီထဲမှာပျောက်လားခရေ။ စာပီကျခါ ပီရွက်၊ စာရွက်မပျက်သကြား တခါချေလည်း မပျောက်ပါယာ။ ယေဖူးနန့်နှုတ်တရာ–စာတလုံးလို့ ပြောဆိုနိန်ကတ်တေ မဟုတ်ပါလား။ စာပီကျေးဇူးကြောင့် တဦးတယောက်၏ အတွဲအကြုံတိ၊ အတွေးအခေါ်တိကို မှတ်တမ်းတင်လာနိူင်ရေ။ ပညာသျှင်တိ စနစ်တကျစူးစမ်း၊ လေ့လာ၊ ဖြာဖွီခကတ်တေသိပ္ပံပညာရပ်တိကို စာနန့်၊ ပီနန့် မှတ်တမ်းတင်ထားနိူင်ခလို့ ပညာစွာရေ တဆတ်ဆတ်မြင့်ပါလာရေ။ ပညာမြင့်လာလို့လူသားဘဝစွာလည်း မြင့်လာရရေ။ ယေဖူးနန့်လူသားအတွက် ပညာအရေးကြီးစွာကို ဇာသူငြင်းနိူင်ပါဖို့လဲ။

ယေကေ ပညာဆိုစွာဇာလဲ။ ပညာဆိုစွာ အတွဲအကြုံကို လက်ဆင့်ကမ်းစွာပါလို့ အတိုချုံးပြောနိူင်ပါရေ။ ဒေနိန်ရာမှာ ပညာဆိုစွာ ကို စကေလောက် အကျယ်ချဲ့ပြောဖို့လိုလာပါရေ။ ပညာဆိုစွာမှာအသိပညာ (Knowledge) နန့် ဉာဏ်ပညာ (Wisdom) ဆိုပြီး ခွဲခြားနားလည်ထားသင့်ပါရေ။ ဝချေတန်းကပင်ဘွဲ့တရအထိ ကျောင်းမှာသင်ခရရေ စာစွာရေ အသိပညာ (knowledge) ပါ။ အသိပညာဆိုစွာရေ ကိုယ်ပိုင်အသိမဟုတ်။ သူများဘားကအသိတိကိုတဆင့်ခံသင်ယူကတ်စွာ၊ လေ့လာမှတ်သားကတ်စွာဖြစ်တေ။ ကမ္ဘာ့မြီဆွဲအား (Gravity Force) ဆိုစွာကိုယ်တိုင်ကိုယ်ကျ ဖြာဖွီတွီခလို့သိလာစွာမျိုးမဟုတ်။ နယူတန်ဂျှင် ဖြာဖွီသိဟိခရေ အသိချေတခုကို လက်ဆင့်ကမ်းသင်ယူမှတ်သားကတ်စွာရာဖြစ်တေ။ ဘွဲ့ရပြီးလို့ ကျောင်းက ထွက်တေခါလည်း အသိပညာကို ကိုယ့်နည်းကိုယ့်ဟန်နန့် ဆက်ပြီးကေလေ့လာကတ်ရရေ။ ယေဖူးနန့် လူ့ဘဝဆိုစွာ ရာသက်ပန်သင်ယူမှုဖြစ်စဉ်ကြီး (Life long learning) ဆိုပြီး ပြောဆိုလာကတ်တေ။ ယင်းပိုင်နန့် အသိပညာကို မသီမချင်း ဖြာဖွီကတ်ရစွာရေ လူ့ဝတ္တရားတခု ဖြစ်လာပါရေ။

လူတယောက်စွာ အသိပညာတိအများကြီးဆည်းပူး လေ့လာမိရေခါ ဉာဏ်ပညာ (Wisdom) ဆိုစွာရေ ပန်းပွင့်ရေပိုင် အလိုလိုပွင့်လာပါရေ။ ဗုရားပွင့်ရေဆိုစွာလည်း ဉာဏ်ပညာ (wisdom) ထက်မြင့်သိရေ သဗ္ဗညုတရှိဉာဏ်တော် (Enlightenment) ကိုရလားစွာပါ။ ယေဖူးနန့် ဉာဏ်ပညာစွာရေ အသိဉာဏ်ပညာ၏ အဆက်ဖြစ်တေ။ အသိပညာအများကြီးဟိလာကေ ဉာဏ်ပညာစွာ အလိုလိုရလာရေ။ ယေကေလည်း အသိပညာမဟိပဲနန့်တော့ကေ ဉာဏ်ပညာဆိုစွာ တခါလည်းရမလာနိူင်ပါ။ ဉာဏ်ပညာစွာရေအမှားနန့်အမှန်ကို ခွဲခြားသိမြင်နိူင်ရေ၊ အကောင်းနန့်အဆိုးကို ခွဲခြားနားလည်တတ်တေ။ ယေဖူးနန့်ဉာဏ်ပညာ (wisdom) စွာရေ လူ့ဘဝအတွက် အလွန်တရာ အဖိုးထိုက်တန်ပါရေ။

◆ ◆ ◆ ◆

**ဟုတ်တေ။ ပေါ်ပြီးကေ ပျောက်လားခရေ။ သီလားပြီးကေ တခု လေးသော့ မကျန်ခကတ်။ လူနည်း စုချေတိရာလူ့လောကမှာသူနိန်ထိုင်ခ ရေအကြောင်းကို ခြီရာ၊ လက်ရာ ချေတိ ထားနိူင်ခရေ။ သူရှိစွာကိုယ်နိန်ထိုင်ခ ရေ လူ့ဘောင်ထဲမှာ တခုခု .......**

◆ ◆ ◆ ◆

ဝမ်းနဲ့ဖို့ကောင်းစွာတခုက တချို့လူတိစွာ ဘွဲ့ရပြီးစွာနန့် စာ မဖတ်ပါယာ။ ဆက်လက်သင်ယူရဖို့ဆိုစွာကို တန့်ပလိုက်ကတ်တေ။ ယေကေ–ဇာဖြစ်လားလဲ။ **‘ဘွဲ့ရပညာမဲ့’** ဆိုပြီးကေ ဖြစ်လာရေ။ တချို့ကတော့ကေ အကြောင်းအမျိုးမျိုးနန့် ဘွဲ့မရခကေလည်း အစဉ်မပြတ် လေ့–လာကတ်တေအတွက် **‘ဘွဲ့မရရေပညာဟိ’** ဖြစ်လာရေ။ စံနမူနာ အနိန–နန့်စာရှီးဆရာ ဖိုးကျော့ ကို ကြည့်ပါ။ သူစွာအစိုးရကျောင်းမှာ အတန်းတိအများကြီး မသင်ခရ။ ယေကေလည်းသော့ ထိပ်တန်းစွာရှီးဆရာတယောက် ဖြစ်နိန်ရေ။ ဇာဖြစ်လို့လဲ။ လေ့လာမှုအားကောင်းလို့။ စဉ်ဆက်မပြတ်သင်ယူနိန်လို့ ဆိုစွာထင်ဟြားနိန်ပါရေ။ ဖိုးကျော့ပိုင်လူတိ လူ့သမိုင်းတလျှောက်မှာ အများကြီးပေါ်ခပါရေ။ ယေဖူးနန့်ဘွဲ့မရခလို့ အားငယ်နိန်စရာ အကြောင်းမဟိ။ လေ့လာသင်ယူနိုင်ကေ ဇာလူမဆို ထူးချွန်နိုင်ရေ။

ဒေနိန့် ‘နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်’ က ရခိုင်သားတိအတွက် အချိန်မှန်စိတ်အာဟာရ (Proper mental food) တိ ထုတ်လုပ်ပီးနိန်စွာကို ကကောင်းကျေးဇူးတင်မိရေ။ အမှန်ပြောရဖို့ဆိုကေ လူတိစွာ စာဖတ်ပျင်းကတ်ပါရေ။ ယင်းအထဲမှာ အကျွန်လည်းတယောက် အပါအဝင်ဖြစ်တေ။ အေကြားထဲမှာ အိန်တာနက်ပေါ်လာရေခါ စာဖက်ကိုပိုလို့ မလှည့်နိုင်ဖြစ်လာကတ်တေ။ အိန်တာနက်က ကကောင်းဆွဲအားကောင်းပါရေ။ ရွာက ရည်းစားချေ ဟြားထီးမနန့် Skype က နိန်ရုပ်ချေကြည့်ပနာ စကားပြောဖို့လည်းအချိန်ပီးရရေ။ ကျောင်းနိန်ဖက်၊ အချစ်ဆုံးသူငယ်ချင်းယက်သွဲ့အောင်နန့်လည်း gtalk က နိန်စကားပြောဖို့ ချိန်းထားသိမ့်ရေ။ Website တိမှာ ဟိုကြည့်၊ ဒေကြည့် (browsing) လုပ်ရစွာလည်းအနည်းချေအချိန်ကုန်စွာကားမဟုတ်။ အရာတခါ facebook,, Tweeter,, Youtube တိကြည့်စရာ၊ လုပ်စရာတိကန်ကားမကန်။ ဝါသနာပါလို့ Blogger ချေ၊ ဘာချေ ရာ လုပ်ဖို့ဆိုကေ အချိန်ဇာပိုင် လောက်နိုင်ပါဖို့လဲ။

လူ့သက်တမ်းစွာရေ အမှန်တိုတောင်းပါရေ။ ယေဖူးနန့်ဟြိပညာဟိတိက လူ့သက်တမ်းကို သမုဒ္ဒရာထက်မှာပွက်တေ ရီပွက်ချေနန့် တင်စားခိုင်းနှိုင်းခကတ်တေ။ ဟုတ်တေ။ ပေါ်ပြီးကေ ပျောက်လားခရေ။ သီလားပြီးကေတခုလေးသော့မကျန်ခကတ်။ လူနည်းစုချေတိရာ လူ့လောကမှာသူနိန်ထိုင်ခရေအကြောင်းကို ခြီရာ၊ လက်ရာ ချေတိ ထားနိုင်ခ ရေ။ သူရို့စွာကိုယ်နိန်ထိုင်ခရေ လူ့ဘောင်ထဲမှာ တခုခု အကျိုးပြုနိုင်ခကတ်လို့ပါ။ ယင်းပိုင် လူ့လောကအတွက် တခုခု အကျိုးပြုနိုင်ခရေလူတိစွာ အပီးသမားတိဖြစ်တေ။ အပီးသမား မဟုတ်တေ အများစုကတော့ကေ အယူသမားတိဆိုစွာကို ပြောနိန်စရာ မလိုပါယာ။ လူတိုင်းကတော့ကေ အပီးသမားတိရာ ဖြစ်ချင်ကတ်ပါဖို့။ ဇာဖြစ်လို့လဲ။ Giving is better than Taking.” **“ယူရစွာထက် ပီးရစွာကပိုလို့ကောင်းရေ”** လို့ပြောထားခရေ။ ပီးနိုင်ရေလူအမှန် ပျော်ဖို့ကောင်းရေ။ ပီးနိုင်ရေ အရသာ စွာလည်း ကကောင်းထူးပါရေ။

အကျွန်လည်းအပီးသမားတယောက်ဖြစ်ချင်ပါယင့်။ အမှန်မှာ အယူသမားရာ ဖြစ်နိန်သိမ့်ရေ။ ယင်းပိုင်နန့် အသက်တပိုင်းတင်မက ဘဝ နီဝင်ချိန်တောင် ရောက်လာပါယာ။ ဇာတခုချေလည်း ဖြစ်မလာသိမ့်။ ပန်းတိုင်ဆိုစွာလည်းမှုံဝါးဝါးနန့်ပါ။ လောကကိုမပြောကေ့ဖိ။ ကိုယ့်လူ့ဘောင်ချေမှာတောင် ဇာချေတခု အကျိုးမပြုဖူးသိမ့်။ ယေကေလည်း အညတြဘဝနန့်ဖြတ်သန်းခရရေ အတွိအကြုံချေ၊ အတွေးအခေါ်ချေတိကို ဝီငှချင်ရေ ဆန္ဒတခုတော့ဟိပါသိမ့်ရေ။ အများသူငါရို့ ဆင်ခြင်သုံးသပ်၊ ပညာရစီချင်လို့ပါ။

အားလုံးကိုလေးစားပါယင့်။

**ကျော်သိန်းခိုင်**

## ကလောင်သွီးကတ်ပါ

***နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်*** **သို့ စာမူများပီးပို့နိုင်ကတ်ပြီး စာစောင်တွင် ပုံနှိပ်ဖေါ်ပြရန် ရွီးချယ်ခံရပါက အဆိုပါစာမူ ပီးပို့သူတိုင်းအား ‘နိုင်ငံတကာရေးရာသတင်းစဉ်’ တစောင်စီကို အသိအမှတ်ပြုလက်ဆောင်အဖြစ် (အမေရီကန်ပြည်ထောင်စု အတွင်းတွင်) ပီးပို့လားမည် ဖြစ်ပါသည်။**

**အမေရီကန်ပြည်ထောင်စု ပြင်ပမှ ဆိုပါက စာအုပ်အပြည့်အစုံကို E-Mail မှတဆင့် ပီးပို့လားမည်ဖြစ်ပါသည်။**

**ကျေးဇူးတင်ပါသည်။**



**“နိုင်ငံတကာရေးရာရက္ခိုင်သတင်းစိုဉ်’ သို့ စာမူရှီးသားပီးပို့ကတ်သော စာရီး ဆရာ/ ဆရာမများ၊ ဝယ်ယူအားပီးသူများ၊ ကူညီဖြန့်ချီပီးသူများ နှင့် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအပေါင်းအား အထူးကျေးဇူးတင်ဟိကြောင်း မှတ်တမ်းတင်အပ်ပါသည်။”**

# 'ကဗျာတပုဒ် စားကြည့်ခြင်း'

**နိုတောက်ကြယ်**

ဆီယမ် ပါရာ ဂွင်။

အိတ်ဇ်(တ်)နံပါတ် ငါး။

သုံးလွှာ...ခိန်နိုခင်နိယ စာအုပ်စတိုး။













စာအုပ်ဆိုင်ထဲ ခြီတလှမ်းဝင်ရဗျာယ် ဆိုစော်နန့် ခင်ဇော်ခိုင်တယောက် မျက်နှာစလို့ ရွှင်လန်းလာပါဗျာယ်။ ထိုင်းဘာသာ စကားနန့်ရီးထားရေ စာအုပ်တန်းတိ၊ ဒေါင့်ချိုးချေတိကိုကျော်ဗျာယ် အိင်္ဂလိချ် ဘာသာနန့်ရီးရေ စာအုပ်စင်အကြီးအငယ်၊ အတိုအမြင့်တိဘားကို အားနန့် လျှောက်လာမိပါရေ။

နာရီက....အိုခေ–– သျှစ်ချက်တီးခွဲ။ တနာရီ အချိန်ရရေ။

ပထမတခေါက်လာခါကပင် ဇာနိန်ရာမှာ ဇာစာအုပ်အမျိုး အစားတိဟိလေဆိုစော် အင်တန်လှည့်ပတ်ကြည့်ခမိရေ။ အချိန်ပိုသိမ့်ရေအတွက် ကိုင်မိကိုင်ရာ စာအုပ်ချေတိကိုလေ့ ကြမ်းမှာထိုင်ဗနာ ဖတ်ခသိမ့်ရေ။ စာအုပ်တအုပ်ကိုမြည်းရေအခါ ထိုင်ခုံမှာထိုင်မြည်းစော်ထက် ပျို့ဉ်ထက်မှာထိုင်ဗနာ အားရဗရမြည်းရစော်ကို ခင်ဇော်ခိုင်အကြိုက်ဆုံး။

နိန်အုံ့..ငါလိုချင်စော်က ပညာဟိတိချန်ခ၊ ပြောခရေ ဝိ(စ)ဒင်တိကို စုထားရေစာအုပ်အငယ်မျိုး။ ဇာနားမှာမှန်းမသိ..စာအုပ်ဆိုင်ကလေ့ အင်တန် စကေအကြီး။ ၁၉၂၇ ခုနှစ်ကပင်စလို့ ဂျပန်နိုင်ငံ ထိုခယိုမြို့မှာ တည်ထောင်ခပနာ အမေရိကား၊ အိန်ဒိုနီးသျှား၊ မလေးသျှား၊ ထိုင်းနိုင်ငံ၊ သြစတြေးလီးယား၊ ထိုင်ဝမ်၊ ဒူဘိုင်း အပါအဝင် စိန်ကာပူနိုင်ငံရို့မှာ လေ့ ဆိုင်ခွဲအများအပြား ဖွင့်လှစ်ထားနိူင်ရေ နိုင်ငံတကာစာအုပ်စတိုးတခုဖြစ်တေ။

(အိန်ဖိုမေးသျှန်း အန်(ဒ်) ရီဆာဗေးသျှန်းကောင်တာ)

"ဟယ်လို မင်္ဂလာပါ"

"အကျွန့်ကို ဝစ်(စ)ဒင်ပေါင်းချုပ်စာအုပ်ချေတိ ဇာမှာထားလေဆိုစော် လမ်းညွှန်ပီးလို့ရပါဖို့လား"

"ကိုးတေးသျှင်း (ပြောစကား/စာပီအကိုးအကား)ချေတိ စုထားစော်ကို ပြောစော်ပါလာ.."

"အာ..ဟုတ်ပါရေ"

"ယေကေ ဒေဖက်ကို လာ ပါ.."

"ဟုတ် ပါယင့်"

"ကျေးဇူးတင်ပါရေ"

ကျေးဇူးရာ တင်လိုက်ရရေ....စာအုပ်တိကြည့်လိုက်တေခါ စိတ်ကြိုက်စာအုပ် မတွိ့ရေအတွက် ခင်ဇော်ခိုင်တယောက် စိတ်ပျက်လားရေ။

နာရီက သျှစ်နာရီ လေးဆယ့်ငါးမိနိ....။

ယင်းကနိန်ဗနာ ခင်ဇော်ခိုင် ဘယ်ဖက်ခြမ်း ကို ပြန်လျှောက်လာမိရေ။ ထိုတလိုင်းကတွိ့ခ ရေ " It's not how good you are, It's how good you want to be" စာအုပ်ကိုဒါ လက်ဆောင်အဖြစ်ပီးဖို့ဗျာလ်။ ဒေစာအုပ် က စီးပွားရေးနန့်မာ့ခတ်တိန်း နယ်ပယ်မှာရှင်သန်နိန်ရေ လူငယ်တိအတွက် အလီးပီး ရီးသားထားရေဆိုကေလေ့ အခြားနယ်ပယ်က လူကြီး၊လူငယ်တိပါ ကိုယ့်ပုံစံနန့်ကိုယ် ကိုးကားကျင့်သုံးလို့ရရေ။ ဘဝအတွက် အကျိုးဟိဖို့ စာအုပ်ချေတအုပ်ပါ။ စာရီးဆရာက ပေါ်လ်အာဒန်ဖြစ်ပြီးကေ ကမ္ဘာ့အရောင်းရဆုံး မှတ်တမ်းဝင်ထားရေစာအုပ်ချေတအုပ်ပါ။ ဈီးကလေ့ မဆိုး ဆိုတော့ခါ...။

"World Poetry Day"- 21 March 2012

နှစ်ဆယ့်တစ်ရက်နိန့်စော် ကမ္ဘာ့ကဗျာနိန့်လား..ယော် ကံကောင်းရေ။ ဒေနိန့်ခါ ဒေကိုလာလိုက်မိလို့ သိရစော်မနား။

ဒေနိန့်ကို ၁၉၉၉ ခုနှစ်ကပင် ကမ္ဘာ့ကုလသမဂ္ဂ၊ ယဉ်ကျေးမှု၊ သိပ္ပံ နန့် ပညာရေးဌာန (UNSECO) အဖွဲ့ကသတ်မှတ်ပီးခစော်လို့ ဝီကီပီဒီးယားမှာ တွိ့ရရေ။ ကဗျာအရီးအဖတ်၊ အသင်အပြနန့် ကဗျာစာအုပ်ထုတ်ဝီမှုတိကို အားပီးအားမြှောက်ပြုချင်ရေ ရည်ရွယ်ချက်ကြောင့် ဒေပိုင်တကမ္ဘာလုံးဆိုင်ရာကဗျာနိန့် ကို အသိအမှတ်ပြုပြီးခြင်း ဖြစ်တေလတ်။

တလှမ်းချင်း တလှမ်းချင်း လှမ်းနိန်ရေခြီလှမ်းတိက ကဗျာစာအုပ်တိ ခင်းကျင်းပြသထားရေ လေးထောင့်စားပွဲခုံကြီးဘားကို။ အဘာ....၂၀%(ရာခိုင်နှုန်း) ဒိစကောင့်(လျှော့ဈီး) လှတ်။

အခြားလူတချို့ပါစိတ်ဝင်တစားလာကြည့်နိန်ကတ်တေအတွက်ကြောင့် စိတ်ကြိုက်စာအုပ်သုံးအုပ်ကိုယူဗနာ အပါးဆုံးလေ့ဖြစ်၊ လူအသျှင်းဆုံးလေ့ဖြစ်ဖို့ထင်ရရေ စာအုပ်တန်းတတန်းဘြိမှာထိုင်ချလိုက်တေ။

အချိန်က ကိုးချက်တီး..နာရီဝက်ရာလိုယာ။

ပထမတအုပ်က ၂၀ရာစုအကောင်းဆုံး စကော့တစ်ရှ် ကဗျာစုစည်းမှု..အှူးစာသားတိခက်နန့်..ပျင်းကောင်းထမန်း..သူရို့တေးခြင်းတိကို စာတန်းထိုး

→

ပြီးသားယူကျုမှာကြည့်တောင် နားမလည်နိုင်။ ထားဖိ ..ဘေးခေါက်။ ဒုတိယတအုပ်က စိတ်ဝင်းစားဖို့ကောင်းရေ..မူရင်းစာရီးဆရာက ဟီးဘရူးဘာသာစကားနန့် ရီးသားထားရေ အိဇရေး စစ်ပြန်ကဗျာတိ၊ တော်လှန်ရေးကဗျာတိ။ သို့သော်ဘာသာပြန်သူ ပြောပုံအရဆို ကေ ယင်းပိုင် ရင့်မာရေတော်လှန်ရေးကဗျာတိကို အချစ်ဆန်ရေစကားလုံးတိနန့်ရီးဖွဲ့ထားရေဆိုယင့်။ စာအုပ်နာမေ မမှတ်မိလိုက်ဗျာယ်..ဒုက္ခ.. ခင်ဇော်ခိုင် နောက်ဆုံးစာအုပ်တအုပ်က အချစ်ကဗျာ နှစ်ပုဒ် သုံးပုဒ် မြည်းယက်ပင်း ထိုဖက်စာအုပ်အကြောင်းတိပါ ဝေါင်းထဲရောက်နိန်ရေ။ “ No One So Much As You” နန့် “ After You Speak” ကဗျာနှစ်ပုဒ်ကို ကကောင်းကြိုက်နိန်မိရေ။ ကဗျာဆရာ အတ်ဝက်ဒ်သောမာ့စ် လက်ရာတိ။ ကဗျာတိကလေ့ သူသီလားခါမှ နာမေကြီးရေ လှတ်.... အမှာစာမှာရီးထားရေ။ လက်ဆောင်ပီးဖို့စာအုပ်လေ့ မဝယ်ရသိမ့်။ ယေကေ အေစာအုပ်ဝယ်ဖို့ ဖေ့သာဝါ..စျီးနှုန်းကိုကြည့်လိုက်တေမှာ – ဘတ်လေးရာ့ကိုးဆယ်ကျော်။ ထိုတလိုင်းကသိမ့် ဘတ်နှစ်ထောင့်ငါးရာနီးပါးဖို့ စာအုပ်ဝယ်ပလိုက်လို့ ၃၅ဘတ်တန် လဖက်ရည် မသောက်ရစော်တောင်ကြာဗျာယ်.. ယေကေ.. နောက်ဆုံး ..မှတ်စုစာအုပ်ချေထုတ်။ ဖောင်တိန်အနီရောင်ချေထုတ်ပနာ ခင်ဇော်ခိုင် ကဗျာ စ ကူးပါရေ။

အချိန်က ကိုးနာရီ ဆယ့်ငါး..ဆယ့်ငါးမိနိလို။

အပြင်း အပြင်း ကူးနိန်စော်က “After You Speak” ကဗျာ..ပြီးဖို့ဗျာယ်၊ သုံးကြောင်းရာကျန်ဗျာယ်..ပြီးနာ နောက်တပုဒ်..။

စိတ်ကူးမဆုံးလိုက်ပါ။ ခင်ဇော်ခိုင်အရှိမှာ သျှူးဖနပ်တရံ။

“သမီး စာအုပ်ဆိုင်က စာတိကို ကော်ပီကူးခွင့်မဟိပါ..ဖတ်လို့ရာရပါရေ”

“ဩ..ဟုတ်ပါလားအဖိုး..ဟီး..မသိလို့ပါ၊ ပြီးပါယာ ဒေသုံးကြောင်းပြီးကေပြီးပါယာ၊ မသိလို့ပါ..ဟီး” ကြဲစီကြဲစဲ ရယ်ပြပြီးနာ ခင်ဇော်ခိုင်တယောက်ကဗျာကိုအဆုံးသတ်လိုက်တေ။ နောက်တပုဒ်ထပ်ကူးဖို့မျှော်လင့်ချက် လုံးဝ မဟိယာဖြစ်တေအတွက် စာအုပ်ချေတိကို နေရာမှာ ပြန်တင်ထားလိုက်ပါရေ။ ယေကေလေ့ ခင်ဇော်ခိုင် ဒေနိန့် ကကောင်းပျော်လားပါဗျာယ်။

ဗုဒ္ဓေါ..ကိုးနာရီ နှစ်ဆယ်––ဆယ်မိနိလို။

ပီးဖို့စဉ်းစားမိရေစာအုပ်အားလုံးရောင်းစွံလားဗျာယ်ထင်ရေ..မဟိလိုက်ဗျာယ်။ ယင်းပိုင်နန့် မျက်စိအရှင်ထားဗနာ ကြည့်တွင်း ကြည့်တွင်း..ထော..နောက်တအုပ် – “Think & Grow Rich by Napoleon Hill”။ အရီးအသားလေ့ ရိုးသျှင်းရေ..စျီးလေ့မကြီး။ ပြီးနာ အကြောင်းအရာကလေ့ ပထမစာအုပ်အတိုင်းဗျာယ်။ သို့သော် ဒေစာအုပ်ချေက ပိုလို့ကျစ်ကျစ်လစ်လစ်ချေပိုင်ခံစားရရေ။ လူငယ်တိအောင်မြင်ဖို့၊ ကြီးပွားဖို့အတွက်အကောင်းမြင်တွေးတတ်ဖို့၊ စိတ်ကောင်းနှလုံးကောင်း ထားတတ်ဖို့နန့် မွီးမြူသင့်ရေ အကျင့်ကောင်းချေတိကို ရီးသားထားရေ။ အကြမ်းဖျင်းဒေလောက်ကြည့်လိုက်ကေလေ့ စာအုပ်ထဲမှာပါဖို့နယ်ပယ်တိက ပိုလို့ဗျူဟာမြောက်ဖို့ပုံစံလို့ ခန့်မှန်းမိရေ။ မိမိဘဝတိုးတက်ရေးမှာ မိမိရွီးချယ်ရေ အိမ်ထောင်ဖက်သည်လည်း ကောင်းအရေးကြီးကြောင်း ဖော်ပြထားစော် မြင်လိုက်ရသိမ့်ရေ။ ဆက်လို့ စာထပ်မြည်းရေအခါ မိမိကြောင့်ပင် မိမိအိမ်ထောင်ဖက် ဖြစ်မြောက်အောင်မြင်လားရေပိုင် ကျသျှုံးလားရေအခါလေ့ ဟိရေလှတ်။ စိတ်ဝင်စားကောင်းထမန်းထော..။ ဟုတ်ဗျာယ် ခင်ဇော်ခိုင် ဒေစာအုပ်ချေကို လက်ဆောင်အဖြစ်ပီးလို့ဝယ်လိုက်မေ..မပီးခင်နှစ်ညဥ့်အချိန်ရခါ ကိုယ်တိုင်လေ့ တစိကေ လေ့လာလိုက်လို့ ရစော်ရာမနား။ ကောင်းလိုက်တေ..အကြံ့။

ဖေ့သာသျှင်းဖို့လို့ ခင်ဇော်ခိုင်အလာ..ကံမကောင်းချင်..နောက်ထပ်စာအုပ် ပုံ တပုံ။

“The Season of Love”

ချစ်သူများနိန့် (ဖေဗျူဝါရီ ၁၄ရက်) အလွန် နောက်တလ အကူးမာ့ချ် ၁၄ ရက်နိန့်ရေ အဖြူရောင်ချစ်သူများနိန့်လှတ်။ ချစ်သူများနိန့်မှာ အမျိုးသမီးချေတိက ကိုယ်ချစ်တေအမျိုးသားတယောက်ကို ချစ်ရေးဆိုခလို့ဟိကေ (သို့မဟုတ်) ချော့ကလက်ပီးဖူးခကေ မာ့ချ်လ ၁၄ရက်နိန့်စော် ချော့ကလက် ပြန်လှန်ရရေနိန့် (သို့မဟုတ်) ချစ်ကေချစ်တေ မချစ်ကေမချစ်ကြောင်း အဖြေပြန်ပီးရရေနိန့်ဆိုဝါ။ ဒေနိန့်စော် သုံးရာစု ရောမခေတ်ကပင် စတင်လာစော် လက်ဟိ ဂျပန်၊ ကိုးရီးယားနိုင်ငံတိမှာလေ့ အထူးတလည်ကျင်းပကြောင်း ထိုတလိုင်းကမှ ဖတ်လိုက်မိရေ။ ဩ ..မာ့ချ်လ က မကုန်သိမ့်။ ယင်းအတွက်နန့် အချစ်အရောင်၊ အချစ်အနံ့၊ အချစ်သတင်းတိ ပျံ့နိန်ကတ်တုန်းသိ။

ဖြုန်းခနဲ လားတွိ့လိုက်တေ စာအုပ်က “ Why Men don't have a clue & Women always need more shoes”..စာမျက်နှာကျော်ဖတ်ကြည့်မှာ ရယ်စရာတိမြင်ရရေ။ ယေကေလေ့ ယင်းချင့်တိက အားလုံးနီးပါး အမှန်တရား။ ကြည့်ရစော် စာရီးဆရာတိ ဟာသဉာဏ်ရွှင်ပုံပေါက်တေ။ စာမျက်နှာ နှစ်ဆယ့်တစ်က “Men have sensitive hearing” ကာတွန်းကိုသဖောကျမိရေ။ မဖြစ်..မစဉ်းစားဗျာယ်။ ဝယ်သင့်ရေ။ စာအုပ်ကိုကောက်ယူလိုက်ပြီးနာ ဖေ့သာအိတ်ထဲက ဖေ့သာကို သတိဟိဟိနန့် တွက်မိရေ။ လုံးဝမလောက်။

(အိန်ဖိုမေးသျှန်း ကောင်တာ)

“ဟယ်လို..တခုလောက်ကူညီပီးလို့ရပါဖို့လား..အပါးဆုံး အေတီအမ်ဇာနားလောက်မှာဟိပါလေမသိ”

“နောက်ပေါက် က နိန်ထွက်လိုက်ပါ ယင်းနားတဝိုက်မှာဟိပါရေ”

“ကျေးဇူးတင်ပါရေ”

“ရပါရေ”

ဟူး ........ကြွတ်ကြွတ်အိတ်ချေနန့် ထုတ်ထားရေ စာအုပ် နှစ်အုပ်လက်ထဲအရောက် နာရီကို ယောင်လို့ ကြည့်အမိမှာ..

ဗုရား ဗုရား ....ကိုးနာရီ မိနိလေးဆယ်..

ဒေက နိန်..ရထားစီး၊ ကားတစ်တန်စီး၊ ခင်ဇော်ခိုင် နိန်ရေ ကမ်းပက်စ်ထဲကိုဝင်ဖို့ ကားအငယ်ချေ နောက်ဆုံးကားက ဆယ်နာရီခွဲ။ သေချာစော်က ကား မမှီဗျာယ်။

ညဥ့် ၁၁း၃၀ ..။

→

ကဗျာထိုင်ခိုးကူးနိန်ခစော်လေ့ ခင်ဇော်ခိုင်အတွက်အချိန်ပုပ်တော။ အိမ်ပြန်ရောက်ကော ဂူးဂေးမှာရှာလို့ရယင့်နန့်.. အင့်ချင်း ယင်းအချက်ကို မိ့လားခခြင်း။ ယကေလေ့ ပျော်ခရပါရေ။ " After You Speak" ကဗျာကို အခေါက်ခေါက်အခါခါ ဖတ်ဗျာယ် ဘာသာပြန်ယက်ပင်း ခင်ဇော်ခိုင် ဒေနစ် ကမ္ဘာ့ကဗျာနိန့်ကို အမှတ်တရဖြစ်စီခ ပါရေ။

**After You Speak**

After you speak
And what you meant
Is Plain,
My eyes
Meet yours that mean,
With your cheeks and hair,
Something more wise,
More dark,
And far different
Even so the lark
Love dust
And nestles in it
The minute
Before he must
Soar in lone flight
So Far,
Like a black star
He seems-
A mote
Of Singing dust
Afloat
Above,
The dreams
And sheds no light.
I know your lust
Is Love.

Edward Thomas

***မင်းစကားဆုံးရေခါ***

*မင်းစကားဆုံးရေခါ*
*အခိပ္ပါယ်က*
*သျှင်းသျှင်းချေရာ။*
*မင်းပါးနှစ်ဖက်ကယ်*
*ဆံစသွယ်နန့် မျက်ဝန်းတိကို*
*စိုက်ကြည့်မိရေ*
*တစ်စုံတရာ ပိုပြည့်စုံလားရေပိုင်*
*တစ်စုံတခု ပိုလေးနက်လားရေပိုင်*
*အင်း..မတူ စော်ကတော့ခါ*
*ထင်းသျှားနိန်ယင့်လေ။*
*ငှက်ချေ မိုးစွီတောင်က*
*ချစ်ခြင်းမြူချို ကျူတ်တောထဲကို*
*အသာအယာ ဝပ်စင်းကျခ ရရေ*
*မြင်လာ..အမဲရောင်ကြယ်*
*လုံးချင်းထီး အမြင့်ပျံဖို့လေ*
*လီယဉ်ပျံမစီးခင်*
*တစ်မိနီအလိုမှာပင်*
*"သူ" တေးခြင်းချေ*
*တတိုးတတိုး ဆိုနိန်ခသိမ့်ရေ။*
*မျှော်လင့်ခြင်း အလင်းရောင်*
*ပီးလေ့ မပီးခဘဲ*
*ယင်းစိတ်ကူးတိလေ*
*အထက်မှာ ဖောလော ဖောလော*
*မျောနိန်ကတ်ယင့်ထော*
*အကျွန်သိပါရေ*
*မင်းလိုချင်စော်*
*"ချစ်ခြင်းရတနာ" ရာယေ။ ။*

(နီထောက်ကြယ်)

၂၂.၀၃.၂၀၁၂

# နာမကျန်းမှု ဒိုင်ယာရီ



သျှုံးလေ့ တခါတည်းသျှုံး
ဆုံးလေ့ အကြီးဆုံး
အသျှုံးရောဂါ ၊ စွဲကပ်ပါက
ကုမရနိူင်၊ ဆီးကမစူး
မထူး ဂုထိ . . .။

အားကိုးရာ ဟြာ
ဘေးဘီမှာလေ့ ၊ ရောဂါသည် ဂျေး
ဖဲမ ဖို့သူ ၊ တလူ မဟိ။

သိုင်ခေါင်မှောင်မဲ ၊ ရောဂါသဲယင့်
မျှော်လင့်ချက်ပင် ၊ ကုန်ချင်ချင်ထော။

အေပိုင်ခါ . . .
ငါလေ့ရောဂါသည်
သူလေ့ရောဂါသည်
ရောဂါသည်ချင်း
လိုင်ဖင်းဖက်ထား
အားပြတ် မလဲလားရအောင်။ ။

*မောင်ခိုင်စော*

The Arakan International
နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

**ရက္ခိုင့်လူ့အဖွဲ့အစည်း အခြေပြုသတင်းစဉ် ဖြစ်ပါသည်။**


**Editors Group**

**Oo Thein Maung**

**Lwon Pi**

**Ni Tauk Kray**

ဆက်သွယ်ရန်လိပ်စာ

1107 S Washington St.
Wheaton, IL 60189
U.S.A.

1-630-682-3616 (Home)
1-331-225-7720 (Cell)
theai2011@hotmail.com


တန်ဖိုး ၅ ဒေါ်လာ

# ကိုင်မရုန်းသမ္မတနိုင်ငံ

## (Republic of Cameroon)








ကမ္ဘာ့နိုင်ငံများ မိတ်ဆက်ကဏ္ဍ

ကိုင်မရုန်းနိုင်ငံကို လွန်ခဲသော နှစ်ပေါင်း ၁၀၀၀ ခန့်က ဆာဝို (Sao) လူမျိုးများစတင်တည်ထောင်ခကတ်သည်။ ယင်းနောက်ပိုင်းတွင် ဘာမီလီကီ၊ ဘာဆာ၊ဒူဝိုယာလာနှင့်ဖူလာနီ အစဟိသည့် အာဖရိကန်နွယ်ဖွါးလူမျိုးများယင်းဒေသသို့ပြောင်းရွှေ့ဝင်ရောက်လာကတ်ပြီး၁၅ ရာစုတွင်ပေါ်တူဂီကုန်သွယ်ရေးစခန်းအား ကိုင်မရုန်းတွင်စတင်တည်ထောင်သည်။ ၁၈၈၄ တွင် ဂျာမန်အုပ်ချုပ်မှုအောက်မှ နယ်မြေတခုဖြစ်လာပြီးပထမကမ္ဘာစစ်ပွဲကာလတွင်ဗြိတိသျှနှင့်ပြင်သစ်ရို့ကိုင်မရုန်းနိုင်ငံတွင်းသို့ဝင်ရောက်လာကတ်သည်။ ၁၉၆၀ခုနှစ်ဂျန်နျူဝါရီ ၁ ရက်နိတွင် ကိုင်မရုန်းသည်လွတ်လပ်ရေးရလာပြီးနောက် မတည်ငြိမ်သည့် နိုင်ငံရေးကာလများကို ဖြတ်သန်းရပြန်သည်။ ယင်းနောက်တွင် ကိုင်မရုန်းသည် သမ္မတအဟီဂျို၏ တပါတီတည်း၊ တမ္မတ တဦးတည်း အုပ်ချုပ်မှုအောက်တွင်နှစ်ပေါင်း ၃၀ ခန့်နိန်ခရပေသည်။ အနောက်အာဖရိကကမ်းခြီ၏ အလယ်ပိုင်းတွင်တည်ဟိသည့်ယင်းနိုင်ငံ၌ ပါတီပေါင်းစုံပါဝင်သည့်ရွီးကောက်ပွဲကို ၁၉၉၂ ခုနှစ်တွင် စတင်ကျင်းပနိုင်ခဗျာယ် ဖြစ်ပါသည်။

**တရားဝင်အမည်။** ။ ကိုင်မရုန်းသမ္မတနိုင်ငံ။

**နိုင်ငံတည်ထောင်သည့်ခုနှစ်။** ။ ၁၉၆၀

**မြို့တော်။** ။ ယွင်ဒီ

**လူဦးရေ။** ။ ၁၉.၃ သန်း (ဂျူလိုင်၊ ၂၀၁၀)။

**လူဦးရေသိပ်တည်းမှုနှုန်း။** ။ ၁ စတုရန်းမိုင်လျှင် ၈၉ ယောက် (၁ စတုရန်း ခီလိုမီတာလျှင် ၃၄ ယောက်)

**အကျယ်အဝန်း။** ။ ၁၈၃၅၆၇ စတုရန်းမိုင် ( ၄၇၅၄၀၀ စတုရန်း ခီလိုမီတာ)

**ပြောဆိုသည့်ဘာသာစကား။** ။ ဘာမီလေကီ၊ ဖန်၊ ဖူလာနီ၊ ပြင်သစ်၊ အိင်္ဂလိချ်။

**ကိုးကွယ်သည့်ဘာသာ။** ။ မိရိုးဖလာကိုးကွယ်ယုံကြည်မှု ၂၅ ရာနှုန်း၊ ခရစ်ယံ ၅၃ ရာနှုန်း၊ မူဆလိန် ၂၂ ရာနှုန်း။

**နိန်ထိုင်သည့်လူမျိုးများ။** ။ ကိုင်မရုန်းကုန်းမြင့်သား ၃၁ ရာနှုန်း၊ အီကွာတိုရီယယ်ဘန်တူ ၁၉ ရာနှုန်း၊ ကာဒီ ၁၁ ရာနှုန်း၊ အခြား ၂၁ ရာနှုန်း။

**အစိုးရ။** ။ သမ္မတစံနစ်။

**ငွီကြီးယူနိ။** ။ ၁ စီအက်ဖ်အေဖရန့်လျှင် ၁၀၀ စိန်တီမေ။

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ ၏ ၆၈ ရာနှုန်း။

**ခယ်လိုရီစားသုံးမှု။** ။ ၂၂၄၂ ခယ်လိုရီ။

*ရောက်ဟိလာသောစာမူများအနက်မှ လာမည့်*
***‘နိုင်ငံတကာရေးရာရက္ခိုင်သတင်းစိဉ်’*** *တွင်*
*ဖေါ်ပြရန်အတွက်*
***အသျှင်ခေမာစာရ (ရဟန်းပျိုသမဂ္ဂ)*** *၏* ***‘အကျွန်ရို့ရခိုင်အမျိုးသား ပညာသျှင်ဆရာကြီး ပါမောက္ခ ဒေါက်တာကျော်နှင့် ရွှာမသားကျော် ရခိုင်အစစ်ဆုံးဖြစ်စဉ်အပေါ် ရင်ထဲကခံစားချက်အပိုင်းအစများ’*** *နှင့်* ***ကျော်သိန်းခိုင်*** *၏* ***‘ပညာဟိ’***
*ဆောင်းပါး များကို ရွီးချယ်ထားဟိပါသည်။*

*ဖြူ(ချီကာဂို) ၏ ‘အမှာစကားတခွန်းချေ’ ကဗျာအား အေဂုလတွင်ဖေါ်ပြရန် စာမျက်နှာအခက်အခဲဟိလားသည့်အတွက် နောက်လထုတ်စာစောင်တွင် ထည့်သွင်းဖေါ်ပြလားမည်ဖြစ်ပါသည်။*

*ကျေးဇူးတင်ပါသည်။ (အေဒီတာအဖွဲ့)*

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တန်းတူရေး မှ တန်းမြှင့်ရေးသို့ | ၁ |
| အေဒီတာ့စကား | ၂ |
| ကေစာသမားများနှင့်ဘွင်းဘွင်းပျော်ပျော်များ (၃) (မောင်သာပေါ်–ရမ်းဗြဲ) | ၃ |
| ကြွက်ချေတကောင်၏ အတွီ့အကြုံ (အီစုပ်ပုံပြင်) | ၅ |
| အလှဆုံးညဥ့်လား ဂန္ဓာရနှင်းနီ (ကဗျာ/ကျော့ကြာညို—ရခိုင်သမီးပျို) | ၉ |
| အတွီ့အကြုံလက်ဆင့်ကမ်းခြင်း (ကျော်သိန်းခိုင်) | ၁၀ |
| ကဗျာတပုဒ် စားကြည့်ခြင်း (နီတောက်ကြယ်) | ၁၂ |
| နာမကျန်းမှုဒိုင်ယာရီ (ကဗျာ / မောင်ခိုင်စော) | ၁၄ |
| နိုင်ငံရေးဆိုင်ရာ အိင်္ဂလိချ်ဝေါဟာရများ | ၁၅ |
| ကိုင်မရုန်းသမ္မတနိုင်ငံ | ၁၆ |



အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝီသည်။